
NEW IDEA
စိတ်ကူးသစ်စာပေ
မေတ္တာစိညာဉ်
နှင့်
ဝိညာဉ်လောက
ဝတ္ထုတိုများ
ဝင့်မိုး(ဥက္ကလာ)
ဂူးကျော်
စိုးထိုက်
မေတ္တာရင်မောင်မဲခေါင်
ကိုမောင်သန်းဝင်း
ထောင်မှူးကြီးသိန်းဝင်း
ဇလွန်ကျော်ဦး
နေမျိုးထွန်း



# အသင်္ချေ၊အနန္တ

“ကိုယ်တိုင်သရဲအချောက်ခံရရင်တောင်မှ ကျွန်တော့်အနေနဲ့ဂမ္ဘီရဝတ္ထုကို မရေးပါဘူး။ ဘာကြောင့်ဆို ဘယာနကရသကို မစားကောင်းတဲ့ အသီးလို့ ကျွန်တော်မြင်ပါတယ်။

ဒီအသီးကိုစားမိရင် ဒီအရသာကိုခံစားမိရင် လူတွေကြောက်မယ်။ ကြောက်တတ်သွားတဲ့လူ တွေဟာ ရဲဝံ့စွန့်စားတဲ့လူထွန်းကားတွေ ဘယ်လိုလုပ်ဖြစ်လာနိုင်ပါတော့မလဲ။ အချို့ စာရေးဆရာ တွေ သရဲ၊ တစ္ဆေ၊ စုန်းကဝေနဲ့ပတ်သက်တဲ့ ဝတ္ထုတွေရေးနေတာကို ကျွန်တော်ပုတ်ခတ်ပြီးပြောနေတာ မဟုတ်ပါဘူး။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ ဘယာနကရသကို ပြည် သူတွေဆီချမကျွေးဘူးဆိုတဲ့ အကြောင်းပြောတာပါ။ ကျွန်တော်လျှောက်နေတဲ့လမ်းကို ကျွန်တော့် ယုံကြည်ချက်နဲ့ ကျွန်တော် လှမ်းနေတာပါ”

ဒါ ဆရာ့စကား။ အသင်္ချေတို့ မြို့ နယ်စာပေဟောပြောပွဲတစ်ခုမှာ ဆရာဟောပြောခဲ့တဲ့ ဆရာ့စကားလေ။ ဆရာက အရေးအသားတင်မကဘူး၊ အဟောအပြောပါကောင်းတယ်။ အသင်္ချေ ကတော့ ဆရာ့စာတွေကိုစွဲသလို ဆရာ့စကားတွေကိုလည်း စွဲတာပဲ။ အခုလထုတ် (....)မဂ္ဂဇင်းမှာ ပါလာတဲ့ဆရာ့ဝတ္ထုတိုလေးက အသင်္ချေတို့လို မိန်းကလေးတွေအတွက်သိထားစရာ၊ သတိထားစ ရာ သင်္ခန်းစာယူစရာပေပဲ ဆရာ။ ဆရာက အသင်္ချေတို့လို လူငယ်တွေကိုပြောချင်တဲ့စကားတွေ တိုက်ရိုက်မပြောဘဲ ဆရာ့ရဲ့ စာရေးတဲ့ အတတ်ပညာနဲ့မွမ်းမံပြီး တကယ်စွဲအောင် ပြောနိုင်ပါတယ်။

အကျိုးရှိစေမယ့်ဆေးခါးကြီးကို အတတ်ပညာဆိုတဲ့သကြားနဲ့ အပေါ်ကသုတ်လိမ်းပြီး တိုက် ကျွေးလိုက်သလိုပါပဲ ဆရာ။ ဒါကြောင့်ဆရာ့စာတွေကို အသင်္ချေတို့ကြိုက်နေရတာ သိလား။

မဂ္ဂဇင်းတစ်အုပ် တစ်အုပ်တွင်၊ ဂတ္ထုတိုတစ်ပုဒ်တစ်ပုဒ်ပါပြီး လေတိုင်းဂတ္ထုရားမပျက်ရောက် လာတတ်သောစာကိုဖတ်ပြီးသည်နှင့် စာရေးဆရာမောင်ဂီရသည် နှုတ်ခမ်းတွန့်ရုံတစ်ချက်ပြုံးမိရင်း စာရေးစားပွဲပေါ်သို့ ပြန်ပစ်ချလိုက်သည်။ ဘယ်ကအသချော်၊ ဆရာမောင်ဂီရ မသိပါ။ သူမထံသို့ စာပြန်ရန်မှာလည်း လိပ်စာထည့်မထား။ ဒါပေမယ့် သည့်လိုပဲ သူ့ထံသို့စာတွေရောက် ရောက်နေ သည်ကတော့ ကြာပြီ။

*

"ဟာ ရှေ့ မီးကြီးက ဘယ်လိုဖြစ်သွားရပြန်တာလဲ၊ ကြောင်သွားပြီ ဒုက္ခပဲ"

ကား၏ ရှေ့ မီးကြီးသည် ဖွေးနေအောင်လင်းနေရာမှ နီကြောင်ကြောင်အရောင်အဆင်းသို့ ချက်ချင်းလျော့ကျသွား၏ ။ အမှောင်ထုသည် ပိန်းပိတ်လျက်ရှိသည်။ နီကြောင်ကြောင်မီးရောင် သည် အမှောင်ထုကိုထိုးဖောက်နိုင်စွမ်း မရှိတော့ပေ။

"ဆရာ၊ ကားရပ်ပြီး ကျွန်တော် စစ်ဆေးကြည့်ချင်တယ်"

ကားကိုအရှိန်လျှော့၍ မောင်းရင်း မောင်သိန်းမြင့်ကခွင့်တောင်းလာသဖြင့် ဆရာမောင်ဂီရ ကသဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ကားကိုလမ်းဘေးသို့ ထိုးရပ်လိုက်၏ ။ ကားရပ် သွားမှပင် ပို၍ မှောင်မည်းသွားလေသည်ဟု စိတ်ကထင်မိလေ၏ ။ မောင်သိန်းမြင့်သည်

သူ့ဂျာကင် အိတ်အတွင်း၌ အသင့်ပါလာသော အိတ်ဆောင်လက်နှိပ်ဓာတ်မီးအသေးစားလေးကို ထုတ်ယူ လျက် ကား၏ ရှေ့ပိုင်းသို့ဆင်းသွား၏။ ဘောနက်ဖုံးကိုဖွင့်၍ စစ်ဆေးသည်။

"ဆရာရေ ကျွန်တော်ကဘက္ထရီခေါင်းပြုတ်တာမှတ်လို့ အခုကမဟုတ်ဖူး ဆရာရေ၊ ဘက္ထရီ ဒေါင်းသွားတာ ဘက္ထရီမှာအားကို မရှိတော့တာ အဲဒါမှအခက်ပဲ၊ ကားကစက်နှိုးလို့ရမှာ မဟုတ်ဘူး"

မောင်သိန်းမြင့်စကားဆုံးသည်နှင့် ဆရာမောင်ဝီရလည်း ကားပေါ်မှဆင်း၍ ကား၏ ရှေ့ ပိုင်း သို့ရောက်သွားလေ၏။ မောင်သိန်းမြင့်ထံမှ လက်နှိပ်ဓာတ်မီးကိုယူကာ ကား၏ စက်ပစ္စည်းအစိတ် အပိုင်းများကို ဟိုမှသည်မှ လိုက်လံထိုးကြည့်နေ၏။ သို့စဉ် မောင်သိန်းမြင့်ကားပေါ်သို့ပြန်တက် သွားကာ သော့ဖွင့်၍ စက်နှိုးကြည့်သည်။

"အစစ်ပဲဆရာ၊ ကားရပ်လိုက်မိတာတောင် မှားသွားပြီ၊ ကားကို စက်ပြန်နှိုးလို့ မရတော့ဘူး၊ တွန်းနှိုးမှရတော့မှာ"

တွန်းနှိုးရမည်ဟုပြောပြီးမှ မောင်သိန်းမြင့်က သူ့ဆရာကိုအားနာသွားဟန်ရှိ၏။ အကယ်မူ လည်း ဆရာမောင်ဝီရ၏ ဗလနှင့် ဟိုက်လပ်ကားအိမ်ရှည်သည် ဤကုန်းတက်ရာတွင်မရွေ့ တန်ရာ။ နာရီကိုကြည့်မိတော့ ကိုးနာရီခွဲကျော်ကျော် ဆယ်နာရီထိုးလုလု။ မိုးသားများကလည်း ကောင်းကင် ကိုအပေါက်အပြဲမရှိစေ့နေအောင် အုပ်မိုးထားချေ၏။ လေကခပ်ဖျဉ်းဖျဉ်း တိုက်ခတ်လျက်ရှိသည်။

"အေးကွာ၊ ပြည်မြို့ က ထွက်လာကတည်းက နောက်ကျတာကွ၊ မောင်မောင်မြင့်ကြူနဲ့သွား မတွေ့မိရင် ဒီလိုနောက်ကျမှာမဟုတ်ဘူး"

ဆရာမောင်ဝီရက နောင်တရစွာဆိုလေ၏။ ရေးလက်စဝတ္ထုတစ်အုပ်အတွက် လိုအပ်သည့် အချက်အလက်များကို ပြည်မြို့

သို့သွားရောက် လေ့လာစုဆောင်းရခြင်းဖြစ်၏။ သည်တွင် ငယ်စဉ် ကတည်းကရေးဘော်ရေးဘက်တစ်ဦးဖြစ်ခဲ့သော မောင်မောင်မြင့်ကြူ(ဥက္ကလာ)နှင့် ပြန်မည်ပြုစဉ် မှာပင် တွေ့မိကြကာ စကားရေတံခွန်သွန်မိကြသောကြောင့် ယခုကဲ့သို့ အပြန်နောက်ကျရခြင်းဖြစ် သည်။

"ရှေ့ ဆိုထောက်ကြန့်ဝင်တော့မယ် ဆရာ၊ ရန်ကုန်ကိုသိပ်မောင်းရတော့မှာ မဟုတ်ဘူး၊ တောက် အနားရောက်ကာမှ ကားကဒုက္ခပေးတယ်"

မောင်သိန်းမြင့်က စိတ်မရှည်စွာပင် ညည်းညူလေ၏။

"အေးကွာ၊ အဆင်ပြေမယ့် ကားတစ်စင်းကိုပဲစောင့်ပြီး အကူအညီတောင်းရမှာပဲ"

သို့နှယ် ဆရာမောင်ဂီရပြောနေစဉ်မှာပင် သူတို့ကားနှင့် မျက်နှာချင်းဆိုင်တူရူအရပ်မှ ကား တစ်စင်းသည် စူးပြင်းသောမီးမောင်းကိုထိုးလျက် မောင်းလာနေသည်ကိုတွေ့ရ၏။ ထိုကားသည် ဆရာမောင်ဂီရတို့ကားအား အခြားကားများကဲ့သို့အရှိန်ပြင်းစွာဖြင့် ကျော်မောင်းသွားမည့်လက္ခဏာ မပြဘဲ ၎င်းတို့ကားရပ်ထားရာဘက်သို့ကပ်လျက် ဖြေးလေးစွာမောင်းလာနေ၏။ ထို့နောက် ဆရာ မောင်ဂီရတို့ကားနှင့် ခေါင်းချင်းဆိုင်လျက်အနေအထားတွင် ရပ်သွားလေ၏။ ကားရှေ့ တွင်ဘော နက်ကိုဖွင့်လျက် မတ်တတ်ရပ်နေကြသော ဆရာမောင်ဂီရတို့မှာ ထိုကားရပ်သည့်တိုင် ရှေ့ မီးကြီး မပိတ်သဖြင့် မျက်လုံးများစူးရှပြီး ၎င်းကားထဲမှလူကို သဲကွဲစွာမမြင်နိုင်ဖြစ်နေ၏။ အတန်ကြာတွင် တံခါးဖွင့်သံကြားရပြီး ကားမီးရောင်ရှေ့ သို့ လူတစ်ယောက်ထွက်ပေါ်လာ၏။

"ဟင်"

တိုင်ပင်မထားဘဲ ဆရာမောင်ဂီရတို့ ဆရာတပည့်နှစ်ယောက်၏

ပါးစပ်များမှ "ဟင်"တစ်လုံး ထွက်ကျသွားရ၏ ။

"လှလိုက်တာဗျာ"

စိတ်ထဲမှ ပြောသောစကားဖြစ်သည်။ အဖြူရောင်ပိုးပျော့ဂမ်းဆက်ကို ဝတ်ဆင်ထားသည်မို့ ယခုမြင်တွေ့နေရသောမိန်းကလေး၏ အလှသည် ကားမီးရောင်ရှေ့တွင် ရှန်းကြွတောက်ပလျက်ရှိ သည်။ သူမ၏ ခါးဝက်ခန့် ဖြန့်စီနေသောဆံပင်ကို ပဝါဖြူဖြင့်ပင် သပ်ရပ်စွာစည်းနှောင်ထားသေး၏ ။

"ဆရာတို့ ဘာအကူအညီလိုပါသလဲ"

သူမကစကားကို ယဉ်ကျေးချိုအေးစွာ ဆိုလာ၏ ။ သို့ပေြား ဆရာမောင်ဂီရတို့ပါးစပ်များ လုံးဂဟမလာသေး။ မိန်းကလေးကိုကြောင်၍ သာ ကြည့်နေမိ၏ ။ ညလက်တံများကပို၍ မှောင်သော ဘက်သို့လုပြေးနေကြသည်။ ဆယ်နာရီထိုးပြီ။ သည်အချိန်မှာ သည်မိန်းကလေးတစ်ဦးတည်းရယ်။ မဟုတ်သေးပါဘူး။ ကားပေါ်မှာ တစ်ယောက်ယောက်ပါဦးမှာပေါ့။ မီးက ဖွင့်ထိုးထားသည်မို့ လှမ်း ကြည့်မိသော်လည်း မမြင်ရချေ။ ဤသည်ကို ရိပ်စားမိသောမိန်းကလေးက

"ကားထဲမှာ ဘယ်သူမှမပါပါဘူး ဆရာရဲ့ ။ ကျွန်မတစ်ယောက်ထဲပါ။ ပြီးတော့ လူကောင်း ပါ။ ရန်ကုန်ကပြန်လာတာ နောက်ကျလို့ ခုလိုမိုးချုပ်သွားတာ။ ဆရာတို့ကား ဘောနက်ဖုံးဖွင့်ထား တာ မြင်တာနဲ့ ဘာအကူအညီလိုမလဲလို့ ဝင်မေးတာပါ"

သူမက ခပ်အေးအေးပင်ပြောသည်။ ဘာရယ်မသိ စိတ်လှုပ်ရှားနေမိသည်က သူတို့နှစ် ယောက်

"ခင် ခင်ဗျား လူ လူအစစ်ပါနော်"

မောင်သိန်းမြင့်က ရင်ထဲမှာရှိနေသောသံသယကို

ဒိုးယိုပေါက်ဖွင့်ချလိုက်သည်။

"ခစ် ခစ် ခစ် လူပါရှင့် လူအစစ်ပါ။ နောက်ပြီး ရှင်ကသိပ်အတာပဲ။ သရဲဖြစ်တော့ကောကျွန်မ ကသရဲပါလို့ ရှင့်ကို ပြောမလားရှင့် ခစ် ခစ်"

မိန်းကလေးက ရယ်မောလျက်ပြောနေပြား မောင်သိန်းမြင့်မှာမျက်စိမျက်နှာပျက်လျက်ရှိ ချေ၏ ။

"ဟာ ဟာ အဲသလိုတော့ ကျွန်တော့်ကိုမနောက်နဲ့ဗျာ"

"မနောက်ပါဘူးရှင်ရယ် ကျွန်မက လူအစစ်ပါ။ သရဲဆိုရင် မော်တော်ကားမောင်းလာပ့ါမ လားရှင့်။ နည်းနည်းလည်း စဉ်းစားပါဦး။ ဒီလိုကော ရှင်တို့နဲ့စကားတွေ အေးအေးဆေးဆေးပြောပ့ါ မလား"

သည့်တွင် မောင်ဂီရသူကဝင်၍

"အဲဒီ လိုသဘောမျိုးနဲ့ပြောတာ မဟုတ်ရပါဘူးခင်ဗျာ။ ဗြုံးခနဲဆိုတော့ ကျွန်တော့်တပည့်က အံအားသင့်ပြီး မေးမိမေးရာမေးမိတာ ဖြစ်မှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီလိုအချိန်ကြီးမှာ မိန်းက လေးတစ်ယောက်က ယောကျ်ားနှစ်ယောက်ကို ဘာကူညီရမလဲလို့လာမေးတော့ တကယ်ပါ ကျွန်တော်ကိုယ်တိုင်လည်း အံ့အားသင့်သွားတာပါပဲ။ ဒါကြောင့် ဘာစကားမှပြန်မပြောဖြစ်တာပါ။ ကျွန်တော်တို့ကားက ဘက္ထရီဒေါင်းသွားတာပါ။ အဲဒါပြန်နှိုးလို့မရဖြစ်နေတာ၊ တွန်းနှိုးရင်တော့ရတာ ပေ့ါဗျာ။ ဒါပေမယ့် ကုန်းတက်ဖြစ်နေတော့ မတွန်းနိုင်ဖြစ်နေတာပါ။ တကယ်လို့ ဒီက"

"ကျွန်မနာမည် အနန္တပါရမီပါ"

"ဗျာ"

"ဘာဖြစ်လို့လဲဟင်"

"သြော် နာမည်က ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေလို့ပါ"

“ဒါလား သိဘူးလေ ဖေဖေပေးထားတဲ့ နာမည်ပဲ”

“ဟုတ်ပါပြီ၊ မအနန္တပါရမီရဲ့ ကားက ဘက္ထရီနဲ့ထောက်နှိုးလို့ရမယ်ဆိုရင်တော့ ကျွန်တော်တို့ ကား နှိုးလို့ရနိုင်မှာပါ”

“ဟာ ဆရာကလည်း ဘက္ထရီထောက်နှိုးဖို့မပြောနဲ့ ဆရာရဲ့၊ ကျွန်တော်တို့မှာ အဲသလိုထောက် နှိုးဖို့ ဝါယာကြိုးမပါဘူး”

“အာ ခက်တာပဲကွာ”

ဆရာမောင်ဂီရက ညည်းပါသည်။

“မခက်ပါဘူး ဆရာရယ်။ ဆရာတို့ဘက္ထရီကို ကျွန်မရဲ့ ကားပေါ်ကိုတင်လိုက်။ ကျွန်မတို့အိမ် နဲ့သိပ်မဝေးဘူး။ နည်းနည်းလေးမောင်းလိုက်ရင် ဘက္ထရီဆိုင်တစ်ခုရှိတယ်။ ကျွန်မပို့ပေးမယ်။ အဲဒီ ဆိုင်က ဘက္ထရီချင်းလဲယူလိုက်ပေါ့။ မနက်ကျတော့ ပြန်ချိန်းလိုက်လေ ဟုတ်ဘူးလား”

“ဟုတ်တယ်၊ အဲဒီ အကြံမဆိုးဘူး၊ မောင်သိန်းမြင့် လိုက်သွားချေ”

“ဟာ ဆရာပဲလိုက်သွားပါ၊ ကျွန်တော်ကားစောင့်ပြီး ကျန်ရစ်မယ်”

“ခစ် ခစ် ဆရာ့တပည့်က ကျွန်မကိုခုထိမယုံသေးဘူးနဲ့တူတယ်ရှင့်”

အနန္တပါရမီက မောင်သိန်းမြင့်ကို ရယ်သွမ်းသွေးပါသည်။ သည်လိုနှင့် သူမ၏ အစီအစဉ်ဖြင့် ဘက္ထရီဆိုင်မှ ဘက္ထရီအိုးချင်းလဲလှယ်သည့်အလုပ် အောင်မြင်ခဲ့သည်။ ဘက္ထရီအိုးယူ၍ အပြန်လမ်း တွင်ခပ်လှမ်းလှမ်းမှ တိုက်ခံအိမ်မြင့်မြင့်တစ်လုံးကို လက်ညှိုးညွှန်ပြလျက် သူမ၏ အိမ်ဖြစ်ကြောင်း ပြောပြ၏ ။

“ခြံအမှတ် (…)၊ အချိန်မရွေး ဝင်လည်နိုင်တယ်နော်၊ တကယ်လို့ ဖေဖေနဲ့တွေ့ရင် အနန္တပါရ မီရဲ့ မိတ်ဆွေတွေပါလို့ ပြောပေါ့။ ကျွန်မဖေဖေက

သဘောကောင်းပါတယ်”

ဤနှယ် အနန္တပါရမီဟူသော လှပဖော်ရွေသည့်မိန်းမပျိုလေး၏ မေခလာ ဆန်ဆန်ကူညီမှု ကြောင့် အပြန်ခရီးသည် ချောမွေ့ခဲ့ရ၏ ။

“ဆရာ အနန္တပါရမီရဲ့ ကားနံပါတ်ကို မှတ်မိလား”

“မင်းကကော မှတ်မိလို့လား”

ဆရာမောင်ဂီရက ပြန်မေး၏ ။

“မှတ်မိတာပေ့ါဆရာရဲ့ ၊ (၂က …) ဆန်နီ၊ စူပါဆလွန်း၊ အဖြူရောင် …”

“မင်းက ဘာလို့မှတ်ထားတာလဲ”

“လမ်းမှာတွေ့ရင် ခေါ်နိုင်အောင်လို့ပေ့ါ ဆရာရဲ့ ”

“မင်းက တော်တော်အကြံကြီးတဲ့အကောင်၊ ဒီမှာ ငါပြောမယ်၊ ငါက ကားနံပါတ်တင်မက ဘူး၊ အိမ်ကိုပါသိတာဗျာ၊ ခြံအမှတ် (…)၊ ကဲ သိပြီလား”

“ဟာ ဆရာက ကျွန်တော့်ထက် ပိုပိုင်သွားပြီ၊ ဒီလိုလုပ်ပါလား ဆရာ။ မနက်ဖြန် ကျွန်တော် တို့အဲဒီ ဆိုင်မှာ ဘကွ္ထရီပြန်လဲရင်းနဲ့ မအနန္တပါရမီရဲ့ အိမ်ကို ဝင်လည်ကြရအောင်”

“မင်း ဦးနှောက်က ဒီလိုအကြံမျိုးတော့တယ်ထွက်တယ်”

“ဟား ဟား ဟား”

မောင်သိန်းမြင့်က ရယ်ပါလေသည်။

*

"မအနန္တပါရမီနဲ့ တွေ့ချင်လို့ပါ"

"အနန္တပါရမီနဲ့ တွေ့ချင်လို့ဟုတ်လား"

တံခါးပွင့်သွားသည်နှင့် အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်ဝန်းကျင်ခန့်ရှိသော လူ ကြီးတစ်ယောက်ပေါ်လာသည်ကြောင့် မနေ့ညက အနန္တပါရမီသင်ထားသည့်အတိုင်း ဆရာမောင် ဂီရ ရေရွတ်လိုက်မိ၏။ သည်တွင် ထိုလူကြီးက သူတို့နှစ်ဦးအား ထူးဆန်းသောသတ္တဝါများနှယ် စေ့ စေ့ကြည့်ရင်း မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ဦး၊ မအနန္တပါရမီနဲ့ တွေ့ချင်လို့ပါ"

ဆရာမောင်ဂီရက ဒုတိယအကြိမ်ထပ်ပြောလိုက်ချိန်တွင် ထိုလူကြီး၏ မျက်နှာသည် ပိုမို၍ အိုဟောင်းသွားသည်ဟု ထင်ရပေသည်။

"သမီးကိုပြောတာလား၊ မောင်ရင်တို့က သမီးရဲ့ သူငယ်ချင်းတွေလား"

တံခါးဘောင်ကို တစ်ချက်လှမ်း၍ အားပြုကိုင်လိုက်ရင်း လူကြီး၏ အသံများမှာသိသာစွာတုန် ယင်အက်ကွဲလာချေ၏။

"သူငယ်ချင်းတော့မဟုတ်ပါဘူး ဦး၊ မနေ့ညကမှ မအနန္တပါရမီနဲ့ သိကြ၊ မိတ်ဆွေဖြစ်ကြတာ ပါ။ မနေ့ညက ကျွန်တော်တို့ကား လမ်းမှာပျက်နေလို့ မအနန္တပါရမက ကူညီ"

"ဘာ၊ သမီးက မောင်ရင်တို့ကို ကူညီတယ် ... ဟုတ်လား။ ဟုတ်မယ် ဟုတ်မယ် ...။ သမီး ကအရမ်းစိတ်ကောင်းရှိတာ ...။ သူတစ်ပါးကို အရမ်းကူညီတတ်တယ်ကွယ်"

ကွဲအက်သောအသံများနှင့်အတူ ထိုလူကြီး၏ မျက်ဝန်းအိမ်မှ မျက်ရည်ဥကြီးများ လိမ့်ဆင်း လာလေသည်။ ဆရာမောင်ဂီရတို့ ဆရာတပည့်နှစ်ယောက်လည်း တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လျက်

ထိုလူကြီးအား ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"ဦးရဲ့ သမီးအနန္တပါရမီဆုံးသွားတာ ဒီနေ့ပါနဲ့ဆို တစ်လနဲ့သုံးရက်ရှိပါပြီကွယ်။ ဒီလိုပဲသူတစ် ပါးကို ကူညီရင်းနဲ့ပေါ့ မောင်ရင်တို့ရယ်။ ကားတိုက်ခံရတော့မယ့် ကလေးတစ်ယောက်ကိုဝင်ဆွဲတာ လေ။ ကလေးကလွတ်သွားပေမယ့် သမီးကတော့ကားတိုက်ခံရပြီး ဆုံးသွားလေရဲ့ ။ အခုလဲ ဦးရဲ့ သမီးအနန္တပါရမီကဝိညာဉ်ဖြစ်တာတောင် မောင်ရင်တို့ကို မနေ့ညက ကူညီပေးသတဲ့လား။ သမီး ရေ စိတ်ကောင်းရှိတဲ့သမီးလေးရေ ကောင်းရာမွန်ရာရောက်ပါစေကွယ်"

ထိုလူကြီးမှာ ဆရာမောင်ဂီရတို့အနားမှာရှိသည်ကိုပင် သတိမမူတော့ဘဲ ချုံးပွဲချကာငိုကြွေး လေတော့သည်။

အခြေအနေအရ ဤတံခါးပေါက်တွင် ဆက်လက်ရပ်တည်နေရန်မသင့်တော်တော့ပြီမို့ ဆရာတပည့်နှစ်ယောက်အချင်းချင်း လက်တို့အချက်ပေးကာ၊ တံခါးဘောင်ကိုခေါင်းစိုက်၍ ငိုနေ သောထိုလူကြီးကို နှုတ်မှုပင်မဆက်တော့ဘဲ ပြန်၍ လစ်ထွက်လာခဲ့ကြတော့သည်။ သို့နှယ် ခပ် သုတ်သုတ်ထွက်လာကြစဉ် မောင်သိန်းမြင့်က ဆရာမောင်ဂီရကိုလက်ကုတ်၍ လေသံဖြင့်

"ဆရာ ဆရာ ဟိုကားဂိုဒေါင်ထဲက ကားကိုကြည့်လိုက်စမ်း ဆရာ။ မနေ့ညက အနန္တပါရမီ စီးလာတဲ့ကားဗျ။ နံပါတ်ကိုကြည့် (၂က ...) တွေ့လား"

တပည့်ဖြစ်သူမောင်သိန်းမြင့်ပြရာဘက်သို့ ကြည့်မိကာမှ ဆရာမောင်ဂီရသည်ကျောထဲတွင် တစ်ချက်စိမ့်ခနဲဖြစ်သွားကာ ကြက်သီးများဖျန်းခနဲ ထသွားရသည်။ သည်တွင်မှ ဆရာတပည့်နှစ် ယောက်၏ ခြေလှမ်းတို့သည် ခြံပြင်ရောက်အောင်အလုအယက် လှမ်းထွက်မိကြလေ၏ ။

*

ဆရာ ...

ဆရာ့ကို စာပေဟောပြောပွဲမှာထဲက အသချေ်မြင်ဖူးနေတာပဲ။ ကားမီးရောင်အောက်မှာ တွေ့လိုက်ကတည်းက ဆရာပဲဆိုတာ အသချေသိပြီးသားပါ။ အစကတော့ အသချေ်ပါလို့ ပြောမလို့ ပဲ။ ဒါပေမယ့် "ကိုယ်တိုင်သရဲအချောက်ခံရရင်တောင်မှ ကျွန်တော့်အနေနဲ့ ဂမ္ဘီရဝတ္ထုကို မရေးပါဘူး"ဆိုတဲ့ ဆရာ့စကားကိုသတိရတာ နဲ့ အသချေကိုယ်အသချေ် "အနန္တပါရမီ"ပါလို့၊ ကျန်ခဲ့တဲ့ တစ် လကျော်လောက်က ဆုံးသွားရှာတဲ့မမရဲ့ နာမည်ကို သုံးလိုက်မိတာပါ။

အခုလို ဆရာကိုယ်တိုင်တွေ့ကြုံရတဲ့ ခံစားမှုမျိုးကို ဆရာ့အနေနဲ့ဝတ္ထုတစ်ပုဒ်ပြန်ရေး၊ မရေး သိချင်လို့။

အဲဒါအတွက် ခွင့်လွှတ်ပါဆရာ။ အသချေရဲ့ နာမည်အပြည့်အစုံက "အသချေ်ပါရမီ"လေ အနန္တပါရမီရဲ့ ညီမပေါ့။

**(အသချေ်)**

ဆရာမောင်ဂီရသည် အသချေ်၏ ထံမှစာကို ဖတ်ပြီးနောက် သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်မိပါသည်။

မှတ်ချက်။ ။အကယ်၍ ဆရာမောင်ဂီရသည် အသချေ်ထံမှအထက်ပါစာကို လက်ခံရရှိ ခဲ့ခြင်းမရှိပါလျှင် ဤဝတ္ထုကိုရေးဖြစ်လိမ့်မည် မဟုတ်ပါ။

**ဝင့်မိုး(ဉက္ကလာ)**

*



ဥပါဒါန်တစ္ဆေ

သူလိုကိုယ်လို သာမန်လူကောင်းကြီးတစ်ယောက် ကျွန်တော့်မျက်စိအောက်မှာတစ်စစ စိတ်ဖောက်ပြန်ရူးသွပ်သွားကာ ကျွန်တော်အစအဆုံး မြင်ဖူးသည်။ ထိုအဖြစ်အပျက်သည် ရင်နင့် လှုပ်ရှားဖွယ်ကောင်းသော စာအုပ်တစ်အုပ်ကို နေ့စဉ်တစ်ရွက်ချင်းကန့်သတ်ပြီး ဖတ်နေရသလို အ သေးစိတ်ဆန်လွန်းလှသည်။ စာမျက်နှာတိုင်းက စိတ်ဝင်စားဖွယ်ကောင်းပြီး တစ်နေ့ကိုတစ်မျက်နှာ ထက်လည်း ပိုဖတ်၍ မရ။ တစ်နည်းအားဖြင့် တစ်နေ့တစ်မျက်နှာထက်ပိုရေးမထားသော သည်း ထိတ်ရင်ဖိုဇာတ်လမ်းကြီးကို စောင့်ဖတ်နေရသလိုမျိုး ဖြစ်သည်။ သို့အတွက် မနက်ဖန် ဘာများ ဆက်ဖြစ်မှာပါလိမ့်ဆိုသောကိစ္စက ကျွန်တော့်ကို အမြဲရင်ခုန်နေစေတော့သည်။

သူ့နာမည်က ကိုမောင်မောင်ဟူ၍ ဖြစ်သည်။ ကျွန်တော့်အစ်ကိုအရွယ်လည်းဖြစ်၊ ပြီးတော့ အစ်ကိုကြီးတစ်ယောက်လိုလည်း ချစ်ခင်ရင်းနှီးရသဖြင့် သူ့ကိုကျွန်တော်က ကိုကြီးမောင်ဟုခေါ်ပါ သည်။ ကျွန်တော်သိရသလောက် သူကိုယ်တိုင်တော့ မချမ်းသာပါ။ အမေတစ်ခု သားတစ်ခု၊ သို့ သော်လည်း သားအမိနှစ်ယောက်က အတူမနေကြရှာ၊ အမေအိုကြီးကို သူ့ဇာတိရွာကလေးမှာ တစ် ယောက်တည်းချန်ထားရစ်ခဲ့ပြီး မြို့ ပေါ်ရှိပွဲရုံဖွင့်ထားသော သူ့အဒေါ်အိမ်မှာအလုပ်လုပ်ရသည်။ တစ်လတစ်ခါ၊ တစ်ရံတစ်ခါ နှစ်လတစ်ခါလောက်မှ သူ့အမေထံပြန်နိုင်သည်။

သူအလုပ်လုပ်သည့် သူ့အဒေါ်ပွဲရုံက ကျွန်တော်တို့အိမ်နှင့် တစ်လမ်းတည်းဖြစ်သည်။ အိမ် ဆိုင်ကလေးဖွင့်ထားသော ကျွန်တော့်အမေနှင့် လုပ်ငန်းချင်းဆက်၍ ။ ဒီမှအစပြု၍ ကိုကြီးမောင်နှင့် ကျွန်တော်သိကျွမ်းခဲ့ကြသည်။ နောက်တော့လည်း မည်မျှအထိ ခင်မင်ရင်းနှီးသွားကြနည်းဆိုလျှင် သူအလုပ်သိမ်းတာနှင့်ရေမိုးချိုး ထမင်းစားသောက်ပြီး ကျွန်တော့်ထံရောက်လာ၊ လက်ဘက်ရည်ဆိုင် သွားချင်လျှင်သွား၊ ကျွန်တော်တစ်ဦးတည်း အိမ်ခန်းကလေးမှာပဲ

စကားထိုင်ပြောချင်လည်းပြောပြီး အိပ်ချိန်ရောက်မှပင် လူချင်းခွဲဖြစ်ကြတော့သည်အထိ ဖြစ်သည်။

အကယ်၍ ကိုကြီးမောင်အကြောင်း သူ့နောက်ကွယ်ရာမှာ ကျွန်တော်တို့ဝိုင်းဖွဲ့ပြောကြရမည် ဆိုလျှင် ကိုကြီးမောင်သည်စိတ်သဘောထားနူးညံ့သိမ်မွေ့၍ အလွန်စကားနည်းသူဖြစ်သည်ဆိုခြင်း အား စပြောရလိမ့်မည် ဖြစ်သည်။ သို့ရာတွင် ကျွန်တော်နှင့်နှစ်ယောက်တည်းတွေ့ကြလျှင်တော့ သူ ကစကားအလွန်ပြောသူတစ်ယောက် ဖြစ်သွားလေ့ရှိပါသည်။ ရွှေနှင်းဆီဆေးပေ့ါလိပ်ကလေး ဖွာ ကာဖွာကာနှင့်မရပ်မနားတတွတ်တွတ် သူကသာဒိုင်ခံပြောလေ့ရှိသည်။ ကျွန်တော်က ဒိုင်ခံနား ထောင်သမား၊ အမှန်အားဖြင့် ထိုအချက်ကပင် ကျွန်တော်တို့နှစ်ယောက်ရဲ့ ခင်မင် ရင်းနှီးမှုသံယော ဇဉ်ကို ခပ်မြန်မြန်သန်စွမ်းစေခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ နောက်တစ်ချက်က သူနှင့်ကျွန်တော်တူညီ သော ဘဝကိုယ်စီရှိနေကြခြင်းဖြစ်သည်။ ကျွန်တော့်မှာလည်း အဖေမရှိတော့၊ မွေးချင်းမောင်နှမ များရှိသော်လည်း တစ်နယ်တစ်ကျေးရောက်သူရောက်၊ အိုးခွဲအိမ်ခွဲနေသူက နေကြသည်မို့ ယခု အိမ်ကလေးမှာလူလွတ်ဖြစ်သော ကျွန်တော်နှင့်ကျွန်တော့်အမေ နှစ်ယောက်တည်းသာရှိနေခြင်း ဖြစ်ပါသည်။

ကိုကြီးမောင်သည် သူ့အမေကိုလည်း အတော်ချစ်ပုံရသည်။ တစ်ခါတစ်ရံတောတွင် ကျန် ခဲ့သောသူ့အမေအကြောင်း တမ်းတမ်းတတပြောတတ်လေ့ရှိသည်။

“ကောင်လေးရာ ငါလဲငါ့အမေကို မြို့ ပေါ်သိပ်ပြီးခေါ်ထားချင်တာပဲ၊ သားအမိလေးနှစ် ယောက်တည်းရှိတာ၊ အခုလိုကြီး တကွဲတပြားစီနေရတာ စိတ်ကိုမချမ်းသာဘူး”

ကိုကြီးမောင် မကြာခဏ ပြောတတ်လေ့ရှိသောစကား၊ အိမ်ရှေ

ဈေးဆိုင်ခုံကလေးမှာထိုင် လျက် ဈေးရောင်းနေသော ကျွန်တော့်အမေကိုလည်းစိုရွှမ်းလျက်ရှိသော မျက်လုံးများနှင့်ငေးမော ကြည့်နေတတ်သေးသည်။ သူ့အသံထဲမှာ ကျွန်တော်တို့သားအမိရဲ့ ဘဝမျိုး မျှော်လင့်အားကျနေ သောအဓိပ္ပာယ်တွေ ပြည့်ဝနေလေ့ရှိသည်။

“ဒါဆိုလဲ ကိုကြီးမောင်အမေကို ဒီခေါ်ထားလိုက်ပေါ့”

ထိုအခါမျိုးတွင် သူက ဘာမှပြန်ပြောလေ့မရှိ။ ဟင်းခနဲ လေးပင်သောသက်ပြင်းချသံတစ် ချက်တော့ ကြားရလေ့ရှိသည်။ ထိုအခိုက် ကိုကြီးမောင် ကျွန်တော့်ကိုကြည့်လေ့ရှိသော အကြည့် ထဲဝယ် မင်းဘာမှမသိသေးပါဘူး ကောင်လေးရာဟူ၍ ပြောနေသယောင် ကျွန်တော်ခံစားရလေ့ရှိ ပါသည်။ ကျွန်တော်က

“အခု ကိုကြီးမောင်ဝင်လုပ်နေတဲ့ ပွဲရုံက အဒေါ်ဆိုတာ အဒေါ်အရင်းလား”

“ဟုတ်တယ် အရင်း။ အမေ့ညီမအငယ်ဆုံး”

“ဒါဆိုကိုကြီးမောင်အမေကို ဒီခေါ်ထားဖို့ ဘာအဆင်မပြေစရာရှိသလဲ”

ကျွန်တော် ထိုသို့ပြောတော့ မင်းဘာမှမသိသေးပါဘူး ကောင်လေးရာဟူသော အကြည့်ဖြင့် ကြည့်ပြန်ပါသည်။ “ဒီတစ်ခါတော့ သူက ငါ့အဒေါ်တွေအကြောင်း မင်းမသိသေးလို့ အခုလိုပြောနေ တာပါ၊ သိသွားရင် ပြောမှာမဟုတ်ဘူး” ဟူ၍ လည်း ညည်းညူသလို ပြောပါသည်။

“ကိုကြီးမောင် အဒေါ်က ဆိုးလို့လား”

ကျွန်တော်က တည့်တည့်မေးသည်။ ကိုကြီးမောင်က မဖြေ။

“တို့သားအမိနှစ်ယောက် အတူနေနိုင်ဖို့က နှစ်လမ်းပဲရှိတယ် ကောင်လေး၊ အမေ့ကိုမြို့ ခေါ် ထားမလား၊ ငါ တောပြန်နေမလား၊ အဲဒါပဲ၊ အင်း

အမေ့ကိုဒီခေါ်ထားနိုင်ဖို့ဆိုတာက အနည်းဆုံးသီး ခြားအခန်းကလေးလောက်တော့
ငှားနေနိုင်မှဖြစ်မှာ၊ အဲဒီ လို နေနိုင်လောက်အောင်လဲ ငါ ဝင်ငွေမ ရှိဘူး၊
တောပြန်နေမယ်ဆိုပြန်တော့လဲ တောမှာဆိုတာက
ကိုယ်ပိုင်လယ်ကလေးယာကလေးရှိပါမှ အဆင်ပြေတာ၊ အဲလိုမှ မဟုတ်ရင်
အင်မတန် ဆင်းရဲတွင်းနက်တာကလား”

ပြီးတော့ သူ့ခါးပိုက်ထဲမှဂတ်စ်မီးခြစ်ကိုထုတ်၍
လက်ကြားတွင်ညှပ်လျက်သားရှိနေသည့် ဆေးပေ့ါလိပ်ကိုမီးညှိရင်း
မီးခိုးတွေထောင်းလမောင်းထအောင် ဖွာနေပါသည်။ တစ်စုံတစ်ရာကို အ
လိုမကျဖြစ်နေသလို မျိုးသက်ပြင်းတွေလည်း တဟင်းဟင်းချသည်။
ထိုအချိန်ထိတော့ကိုကြီးမောင် သည်မိခင်ကြီးကို ချစ်သောမိခင်ကြီးကို
သူ့အနားခေါ်မထားနိုင်၍ သူ့ဘဝသူ မကျေမနပ်ဖြစ်နေ သော
သာမန်လူတစ်ယောက်၏ စိတ်အခြေအနေမျိုးတွင်သာ
သဘာဝကျကျရှိနေခြင်းဖြစ်သည်ဟု ကျွန်တော်ထင်မိသည်။

နောက်ပိုင်း ကိုကြီးမောင်အကြောင်း ကျွန်တော်တဖြည်းဖြည်း
ပြန်လည်စဉ်းစားသည့်အခါ ထိုသို့သော သဘာဝကျကျအနေအထားများမှ
မူမမှန်သောအနေအထားသို့ စတင်ပြောင်းလဲလာ သည်ဟု
ယူဆရသောနေ့တစ်နေ့ကို အမှတ်ထင်ထင်ရှိနေမိပါသည်။

*

“ကောင်လေး”

“ဘာလဲ ကိုကြီးမောင်”

မှတ်မှတ်ရရ ထိုနေ့က နွေရာသီကျောင်းရက်ရှည်ပိတ်ထားချိန်ဖြစ်ပြီး ကဗျာရူးစာရူးဖြစ် သောကျွန်တော်သည် ကဗျာတစ်ပုဒ်ကို ကြိုးစားပမ်းစားရေးဖွဲ့နေချိန် ဖြစ်သည်။ ကိုကြီးမောင်ခေါ် နေတာပင် လှည့်မကြည့်၊ ခပ်ပေါ့ပေါ့သာ ပြန်ထူးလိုက်သည်။

"ကောင်လေး"

ကိုကြီးမောင်ထပ်ခေါ်လိုက်သောအသံကို ကြားမိချိန်မှာ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ် သွား၏ ။ ပထမတစ်ခွန်းထက် ပိုမိုတိုးလျနေပြီး တုန်ယင်လှိုက်ခတ်သံပါနေသည်။ ကျွန်တော်ငဲ့ စောင်းကြည့်ရင်း အတော်အံ့ဩသွားရ၏ ။ ကိုကြီးမောင်နှင့်ပတ်သက်၍ ထိုမြင်ကွင်းမျိုး တစ်ကြိမ် တစ်ခါမှမမြင်ဘူး၊ ကိုကြီးမောင်ငိုနေပါလား။

"ကိုကြီးမောင် ဘာဖြစ်လာတာလဲ"

ကျွန်တော် အလောတကြီးမေးလိုက်၏ ။ သူက ရှိုးခနဲနှင့် တစ်ချက်ရှုံ့ သွင်းသည်။

"ဒေါ်လေးကြည်က ငါ့ကိုပြောလိုက်တယ်၊ နင့်အမေကို ဘယ်တော့မှ မြို့ ပေါ်မခေါ်ရဘူးတဲ့၊ ငါ့အိမ်ကိုလဲ ဘယ်တော့မှမလာစေနဲ့တဲ့၊ နင့်အမေ နင်တွေ့ချင်ရင် တောပြန်တွေ့တဲ့"

သူပြောသမျှ ကျွန်တော်သဘောပေါက်လိုက်တာတော့ ထိုအတိုင်းပဲဖြစ်၏ ။ သူက ရှိုက်ကြီး တငင်ငိုရင်းပြောနေသည်ဖြစ်ရာ သူ့စကားမှာမပီမသလုံး ထွေးနေခြင်းကြောင့်ဖြစ်သည်။ ဒေါ်လေး ကြည်ဆိုတာက ကိုကြီးမောင်အလုပ်လုပ်နေသော ပွဲရုံမှ သူ့အဒေါ်ဆိုသူဖြစ်သည်။

"ဒေါ်လေးကြည်က ဘာဖြစ်လို့ အဲဒီ လိုပြောတာလဲ"

ကျွန်တော်မေးတော့လည်း သူက မဖြေ။ အထက်ပါစကားကိုသာ

ကလေးတစ်ယောက်သ ဖွယ် ထပ်တလဲလဲရေရွတ်နေခဲ့သည်။ အားကောင်းမောင်းသန်ယောက်ျားရင့်မာကြီးတစ်ယောက် ရှိုက်ကြီးတငင်ငိုကြွေးနေတာကြည့်၍ မကောင်းလှပေမယ့် ကိုကြီးမောင်ကိုကြည့်၍ ကျွန်တော်အ လိုလိုသနားလာသည်။

“ကိုကြီးမောင်ကလဲ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ၊ မငိုစမ်းပါနဲ့ဗျာ”

ကျွန်တော်ခပ်ကျယ်ကျယ် အော်လိုက်၏ ။ သူက ချက်ချင်း အငိုရပ်သွားသည်။ ပြီးတော့ သူ ၏ ခပ်ကျဉ်းကျဉ်း မျက်လုံးကလေးများဖြင့် ကျွန်တော့်ကို သနားစဖွယ်ငေးကြည့်နေသည်။ ထိုအ ကြည့်သည် ကျွန်တော့်အတွက် အစိမ်းသက်သက်။ ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်သွားသလဲမသိ၊ ကိုကြီးမောင်သည် ကိုကြီးမောင်မဟုတ်တော့သလို ခံစားလိုက်ရသည်။

“ခွင့်လွှတ်ပါကောင်လေးရာ ငါဂမ်းနည်းလွန်းလို့ပါ၊ အမေ့ကို ငါသိပ်ချစ်တယ်၊ နောက် ငါမငို တော့ဘူးနော်”

သူပြောနေပုံမှာ သနားစရာပင် ကောင်းနေသည်။ ပြီးတာနှင့် လက်ကြားမှဆေးပေါ့လိပ်ကို ပါးစပ်မှာကိုက်မီးညှိပြီး၊ ရုတ်တရက် ချာခနဲလှည့်ပြန်သွားခဲ့သည်။ ကျွန်တော်ပင်လျှင် ဘာမှထပ် ပြောချိန် တားဆီးချိန်မရလိုက်။

*

နောက်တစ်နေ့မိုးချုပ်စမှာ ထုံးစံအတိုင်း ကိုကြီးမောင် ကျွန်တော့်ထံရောက်လာပြန်သည်။

“ကောင်လေး”

မနေ့ကလိုပင် သူ့အသံကတိုးလျှနေသည်။ ယခုတစ်ခါတော့ ကျွန်တော် သူ့ကိုဂရုတစိုက် အကဲခတ်နေမိသည်။

“ပြောလေ ကိုကြီးမောင် အလုပ်သိမ်းခဲ့ပြီလား”

“ကောင်လေး၊ ဒေါ်လေးကြည်က ငါ့ကို ကြည့်မရတော့ဘူးကွ”

ကျွန်တော်မေးတာက တခြား၊ သူဖြေတာက တခြား။ အမှန်ကတော့ ကျွန်တော့်အမေးစ ကားအပေါ်အာရုံမရှိဘဲ သူ ပြောချင်ရာ ပြောလိုက်ခြင်းသာဖြစ်သည်။

“ဘာလို့ ကြည့်မရတာ လဲ”

“ဒေါ်လေးကြည်က ငါ့မျက်နှာကို သေသေချာချာကြည့်ပြီး ပြောတယ်၊ ငမောင် နင့်မျက်နှာ ကလူနဲ့မတူတော့ဘူး၊ တဖြည်းဖြည်း သရဲ တစ္ဆေမျက်နှာနဲ့တူလာပြီတဲ့”

စိတ်ထဲကတော့ ကျွန်တော်နည်းနည်းရယ်ချင်သွား၏ ။ ဒါပေမဲ့ကိုကြီးမောင်သည် ကျွန်တော့် ကိုနောက်ပြောင်ပြောနေခြင်း မဟုတ်၊ အမှန်တကယ် ကြေကွဲဝမ်းနည်းနေသည့်အသံမျိုးဖြင့် အ တည်ပေါက်ပြောနေခြင်း ဖြစ်သည်။

“ဟာဗျာ ကိုကြီးမောင်ကလဲ ကိုကြီးမောင်ဒေါ်လေးကို ဘာတွေစိတ်ဆိုးအောင်သွားလုပ်လဲ၊ စိတ်ဆိုးလို့ပြောတာ ဖြစ်မှာပေါ့”

“ဟင့်အင်း ငါဘာမှမလုပ်ဘူး၊ နင်ကော နင့်အမေကော သရဲတစ္ဆေတွေချည်းပဲတဲ့၊ ဒေါ်လေး ကြည်က ငါ့ကို တစ်နေ့လုံး အဲဒါပဲပြောနေတာပဲ”

“မဟုတ်သေးပါဘူးဗျာ”

ကျွန်တော် သူ့ကိုဆက်ပြောဖို့ စကားစရှာမရအောင် ဖြစ်နေသည်။

ပြီးတော့မှ

"ကဲ ထားပါတော့ဗျာ၊ သူပြောချင်ရာ ပြောပစေပေါ့၊ ကိုယ်က သူပြောသလိုမှ မဟုတ်ပဲဟာ၊ ကိုကြီးမောင်ကကော သူပြောသလို သရဲတစ္ဆေဖြစ်နေလို့လား၊ ကဲ"

ကိုကြီးမောင်သည် ကျွန်တော့်ကိုမကြည့်ပဲ၊ ခေါင်းငိုက်စိုက်ကျလျက် ကြမ်းခင်းကိုငေးမော ကြည့်နေသည်။ ပြီးတော့ သူ့မျက်နှာကို သူ လက်ဖဝါးဖြင့်အထက် အောက်စုန်ချည်ဆန်ချည် ပွတ် သပ်နေရာမှ

"ငါ့မျက်နှာကြီးက တဖြည်းဖြည်းကြီးလာနေပြီ၊ ငါတို့သားအမိ ကံဆိုးပါတယ်ကွာ"

ပြီးတာနှင့်သူက မပြောမဆိုရုတ်ချည်းထ၍ ပြန်သွားရာ ကျွန်တော့်မှာ ဘာမှပြောချိန်၊ တား ချိန်မရလိုက်ဘဲအကြောင်သား ငေးကျန်နေခဲ့ပြန်ပါသည်။

*

အမေ့အိမ်ဆိုင်ကလေးအတွက် လိုအပ်သောပစ္စည်းအချို့ မြို့ လယ်ဈေးမှာသွားဝယ်ပေးပြီး အပြန် နံနက်စာမစားမီ အိမ်ရှေ့ ရေတုံကင်တွင် ကျွန်တော်ရေချိုးလျက်ရှိစဉ် မမျှော်လင့်ဘဲ ကိုကြီး မောင်ရုတ်တရက်ရောက်လာသည်။ သူက ယခုလိုနံနက်ခင်းအချိန်မျိုး ကျွန်တော့်ထံလာလေ့မရှိပါ။

"ကိုကြီးမောင် ဘယ်လိုဖြစ်လာတာလဲ၊ မလာစဘူး အလာထူးလှချေလား၊ ပွဲရုံ ဒီနေ့မဖွင့် ဘူးလား"

သူက ဘာမှပြန်မပြော။ ကျွန်တော်ရေချိုးနေရာ မလှမ်းမကမ်းမှရပ်လျက် ခပ်ငိုင်ငိုင်ကြည့် နေသည်။ အတန်ကြာမှ

"ငါ ပွဲရုံမှာလဲမနေချင်တော့ဘူး၊ ပွဲရုံကလူတွေကလဲ ငါ့ကို ကြည့်မရကြတော့ဘူး"

"ကိုကြီးမောင်ကတော့ လုပ်ပြီ၊ ပွဲရုံမှာမနေရင် ကိုကြီးမောင် ဘယ်မှာသွားနေမလဲ"

"ဘုန်းကြီးကျောင်းမှာ သွားနေမယ်၊ ပြီးတော့ ပဉ္စင်းဝတ်မယ်"

"ကိုကြီးမောင် မနောက်နဲ့နော်၊ တကယ်ပြောနေတာလား"

ကျွန်တော်က ရေချိုးနေရင်းမှ သူ့စကားကိုရယ်စရာသဘောထား၍ ခပ်ပေ့ါပေ့ါမေးလိုက် သည်။

"ဘုန်းကြီးဝတ်ပြီးရင် အမေ့ကို ဒီခေါ်ထားမယ်၊ ဘုန်းကြီးဆိုတာ ကိုယ့်အမေကိုယ် ဆွမ်းခံ ကျွေးလို့ရတယ်တဲ့၊ ပွဲရုံကို ဆွမ်းခံကြွတဲ့ဦးဇင်းဣန္ဒာစာရက ငါ့ကိုပြောပြတယ်"

ထိုစကားကိုပြောချိန်မှာ သူ့အသံက အနည်းငယ်တက်ကြွနေဟန်ရှိသည်။ ကျွန်တော်က -

"ကိုကြီးမောင် အဒေါ်က သဘောတူပါ့မလား"

"ဒေါ်လေးကြည်လား"

သူ ငိုင်တွေတွေ ဖြစ်သွားပြန်သည်။ ပြီးတော့မှ လေးလေးတွဲ့တွဲ့အသံဖြင့်

"ဒေါ်လေးကြည် ဒေါ်လေးကြည်က ငါ့ကိုပြောနေတယ်၊ နင့်မျက်နှာလဲ နင်မှန်ထဲ သေသေ ချာချာသွားပြန်ကြည့်ဦးတဲ့၊ ဘီလူးမျက်နှာ ဖြစ်နေပြီ၊ အစွယ်လဲ တစ်ထွာလောက်ထွက်နေပြီတဲ့"

“ဟော စကားကောင်းပြောနေရင်း ကိုကြီးမောင်ကဖောက်လာပြီ၊ တကယ်ကော ကိုကြီး မောင်အစွယ်ထွက်နေလို့ လား ... ကဲ”

ကျွန်တော့်စကားအဆုံးမှာ သူက ပါးစပ်ကိုဟ၍ လက်ညှိုးနှင့်ပွတ်သပ်စမ်းနေသည်။ ပြီး တော့ -

“ဟုတ်တော့ ဟုတ်တယ်ကောင်လေးရ၊ ဟောဒီ အစွယ်နှစ်ချောင်းက တဖြည်းဖြည်းရှည် ထွက်လာတယ်”

ခွေးစွယ်ဟု ကျွန်တော်တို့ခေါ်ကြလေ့ရှိသော သွားနှစ်ချောင်းကိုလက်ညှိုးနှင့်ထောက်၍ ကို ကြီးမောင်က စိတ်ပျက်လက်ပျက်ပြောသည်။ သူ့အသံက တုန်လှုပ်ချောက်ချားလျက်ရှိ၏ ။ ကျွန်တော် တစ်ခုခုပြောမည်ကြံရွယ်စဉ်မှာပင် သူက ချာခနဲလှည့်၍ ခပ်သွက်သွက်ပြေးထွက်သွား တော့၏ ။

“ကိုကြီးမောင်၊ ကိုကြီးမောင်”

ကျွန်တော်ခေါ်ပေမယ့် လှည့်မကြည့်တော့။

*

ကိုကြီးမောင်၏ စိတ်အခြေအနေပင်ကိုယ်အတိုင်း မဟုတ်တော့ဘူးဟု ကျွန်တော်သဘော ပေါက်လာသည်။ ကိုကြီးမောင် ဘာကြောင့် အခုလိုဖြစ်လာရတာလဲ။ ဖြစ်ချင်သောဆန္ဒနှင့်ဖြစ်နေ သောဘဝတို့ထပ်တူမကျနိုင်ရာမှ စိတ်ဓာတ်နူးညံ့ပျော့ပျောင်းလွန်းသော ကိုကြီးမောင်တစ်ယောက် ယခုကဲ့သို့ စိတ်ဓါတ်ပြိုကွဲလာခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆမိသည်။ ကျွန်တော်

ခင်မင်တွယ် တာသူတစ်ယောက် အခုလိုအဖြစ်မျိုးကြုံနေရတာ ကျွန်တော်အကြီးအကျယ် စိတ်မကောင်း။ ကျွန် တော် ကိုကြီးမောင်ကို ဘယ်လိုကူညီနိုင်မလဲ။

"ကောင်လေး"

ကျွန်တော်ာ ရုတ်တရက် အံ့သြသွားမိ၏ ။

ကိုကြီးမောင်က သက်န်းဝတ်ကြီးနှင့်။

ကျွန်တော်တို့နှစ်ယောက် မတွေ့ဖြစ်ကြသည့်ရက်သတ္တပတ် တစ်ပတ်ခန့်အတောအတွင်း ကိုကြီးမောင် သက်န်းစီးဖြစ်သွားပုံရသည်။ ကိုကြီးမောင်တစ်ယောက် သူပြောသလို တကယ် သက်န်းဝတ်ဖြစ်သွားတာပါလား။

"ဦးပဉ္ဇင်း ဘယ်နှစ်ရက်ရှိပြီလဲ ဘုရား"

"ဦးဇင်း မဟုတ်ဘူး၊ ကိုရင်ကြီးပါ။ ဒီနေ့ပါနဲ့ဆို (၇)ရက် ရှိသွားပြီ"

ကိုရင်ကြီးတစ်ဖြစ်လဲ ကိုကြီးမောင်က တည်တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ပြောနေပေမယ့် ကျွန်တော်အားမရ။ သူ့ပုံသဏ္ဍာန်က ငိုင်တွေတွေကြီးပဲ ဖြစ်နေသည်။

"ကိုရင်ကြီး မယ်တော်ကြီးကိုကော ခေါ်ထားပြီလား"

ကျွန်တော်ကမေးတော့ သူက ဟင်းခနဲသက်ပြင်းချပြန်သည်။

"မဖြစ်ပါဘူး ဒကာလေးရာ၊ ကျောင်းမှာကိုရင်ကြီးနဲ့အတူ သီတင်းသုံးတဲ့ပုဂ္ဂိုလ်တွေက ပြော နေကြတယ်၊ ကိုရင်ကြီးမျက်နှာက တဖြည်းဖည်းပြိတ္တာကြီးနဲ့တူတူလာတယ်တဲ့၊ ဒီကျောင်းမှာဆက် ပြီး လက်မခံနိုင်တော့ဘူးတဲ့"

ကိုရင်ကြီးက မျက်လွှာကလေးချလျက် တကယ်စိတ်မချမ်းမသာခံစားနေပုံရသော လေသံ ဖြင့်

ကြေကြေကွဲကွဲပြောနေသည်။ ယခုတစ်ခါ ဟူးခနဲသက်ပြင်းချလိုက်ရတာ ကျွန်တော်ဖြစ်၏ ။ ဘယ်လိုအားပေးရမလဲ၊ ကျွန်တော့်အတွေးမဆုံးမီပင် ကိုရင်ကြီးက သက်နှန်းတဖားဖားနှင့်ကျောခိုင်း ထွက်ခွာသွားခဲ့လေပြီ။

*

ယခုအတိုင်းဆိုလျှင် ကိုရင်ကြီးဝတ်နှင့်လည်း သိပ်ကြာရှည်လိမ့်မည်မဟုတ်ဟု ကျွန်တော် သတိတရရှိနေဆဲမှာပင် ကိုကြီးမောင်တစ်ယောက်လူပြန်ထွက်လာပြီး သူ့အဒေါ်ပွဲရုံ ပြန်ရောက်နေ ပြီဆိုသော သတင်းကြားရသည်။ ထူးခြားသည်ကား ကိုကြီးမောင် လူထွက်ပါပြီဆိုက ကိုကြီးမောင် ကိုသာရင်းနှီးခြင်းဖြစ်ပြီး သူ့အဒေါ်တွေနဲ့က အကျွမ်းတဝင်မရှိတော့ သွားတွေ့ရမှာ ဝန်လေးမိခဲ့ သည်။

ကိုကြီးမောင် စိတ်အခြေအနေလောလောဆယ် ဘယ်လိုရှိသလဲသိလိုလှ၍ သူ ကျွန်တော် ထံရောက်လာမည့်ရက်ကိုသာ မျှော်လင့်ထားခဲ့၏ ။ အံ့ဩစရာပင်၊ ကျွန်တော့်ထံချွတ်ခနဲ ချွတ်ခနဲ ရောက်လာတတ်လေ့ရှိသောကိုကြီးမောင်တစ်ယောက် ယခုတစ်ခါ ပျောက်ချက်သားကောင်းနေ သည်။ ကိုရင်ကြီးဝတ်မှ ပြန်ထွက်လာခဲ့တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့ လား။

ကျွန်တော် တွေးမိတွေးရာတွေးနေမိဆဲ ဘယ်လိုမှမျှော်လင့်ထားခြင်းမရှိသော ကိုကြီးမောင် ၏ သတင်းဆိုးက ကျွန်တော့်ထံရောက်ရှိလာခဲ့သည်။

“မောင်မောင်က သူ့အဒေါ်မကြည်ကို ဂေါ်ပြားနဲ့ခုတ်သတ်လိုက်လို့တဲ့”

ကျွန်တော်အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ ထိုသတင်းဆိုးက ကျွန်တော်တို့ ရပ်ကွက်ကလေးထဲ ကောက်ရိုးမီးပမာတစ်မဟုတ်ချည်း ပျံ့ နှံ့သွားခဲ့၏ ။ ကြားရသူတိုင်းက စုပ်တသတ်သတ်။

"ပွဲရုံမှာ သူ့အဒေါ်ကို ကုလားပဲတွေပိန်အိတ်ထဲ ဂေါ်ပြားနဲ့ကလော်ထည့်ပေးနေရင်း အပေါ် ကနေ အသွားနဲ့ခုတ်ချလိုက်တာ ပွဲချင်းပြီးပဲတဲ့"

ကြားရသောသတင်းက အသည်းတုန်အူတုန်ဖြစ်စရာ ကောင်းလှသည်။ ထိုနေ့က ကျွန် တော်တို့လမ်းကလေးထဲမှာ လူတွေအပြေးအလွှား ယောက်ယက်ခတ်နေကြတာ ကျွန်တော်မှတ်မိ သည်။ ကျွန်တော့်အိမ်ရှေ့ လမ်းမပေါ်အရောက် ရဲကားတစ်စီး ခပ်မြန်မြန်မောင်းထွက်သွားတာနှင့် ကြုံ၏ ။

"အို ကိုကြီးမောင်"

ကျွန်တော် လှမ်းခေါ်မိမတတ် ဖြစ်သွားသေး၏ ။ ထိုကားပေါ်မှာ ကိုကြီးမောင်ကိုရုတ်တရက် တွေ့လိုက်ရ၍ ဖြစ်၏ ။ လက်ထိပ်တန်းလန်းနှင့် သူဝတ်နေကျ ဝါညစ်ညစ်အင်္ကျီ ဖြူလက်ရှည်ပေါ်မှာ သွေးတွေစွန်းနေသည်။ သူလည်း ကျွန်တော့်ကို လှမ်းမြင်လိုက်ပုံရသည်။ ဒါပေမဲ့ သူ့မျက်လုံးတွေ ကမူမမှန်တော့ပါ။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီ၊ သွက်သွက်လက်လက်ရှိသောမျက်လုံးများဖြင့် အား ကိုးတကြီးလှမ်းကြည့်နေသလိုမျိုး ကျွန်တော်ခံစားလိုက်ရသည်။ ပါးစပ်ကတော့ ဘာမှပြောဆိုရေ ရွတ်သွားခြင်းမရှိ။ ကျွန်တော်လည်း သူ့ကို ကြေကြေကွဲကွဲ ငေးမောကြည့်ရုံသာတတ်နိုင်တော့ သည်။ ကိုကြီးမောင်ကို တင်ဆောင်သွားသောကားက တဖြည်းဖြည်း ဝေးသွားပါပြီ။ တကယ်တော့ ထိုနေ့ကမြင်ကွင်းသည် ကိုကြီးမောင်ကို ကျွန်တော်နောက်ဆုံးမြင်တွေ့လိုက်ရသည့် မြင်ကွင်းသာ ဖြစ်သည်။ နောက်ပိုင်း ကျွန်တော်ကြားသိရသောသတင်းများအရ

ကိုကြီးမောင်အား ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပေးပို့လိုက်ပြီဟူ၍ ဖြစ်ပါသည်။

**ဇူးကော်**

*



# ကြောင်တစ္ဆေ

ဘူမိဗေဒဘွဲ့ရ ကိုအောင်မော်နှင့်သူငယ်ချင်းဖြစ်သူ
ကိုစန်းမောင်တို့သည် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်၊ နယ်စပ်ဒေသရှိ
“ငွေတောင်”ဒေသသို့ အပျော်တမ်း တောပစ်ရောက်ရှိနေကြသည်။

ကိုအောင်မော်နှင့် ကိုစန်းမောင်တို့သည် တက္ကသိုလ်မှာကတည်းက
သူငယ်ချင်းတွေ ယူ သည့်အဓိကဘာသာတွဲမတူသော်လည်း “စွန့်စားခြင်း၊
တောပစ်ခြင်း”ကို ဝါသနာပါပုံခြင်းက တူ သည်။
ကျောင်းသားဘဝတောပစ်ထွက်ခွင့်မကြုံသည့် ထိုစဉ်ကာလကတော့ သူတို့မှာ
“ဆရာကြီး ဒဂုန်ရွှေမျှား၊ မသုံးလုံးစိန်ဝင်း၊ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)”တို့၏
တောလိုက်ဝတ္ထုများ၊ စွန့်စားခန်း ဝတ္ထုများကိုဖတ်ကာ အာသာဖြေကြရသည်။
ဖတ်ပြီးသမျှကို တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ပြော ဆိုရခြင်းမှာ သူတို့အတွက်
အရသာပင်။

ကိုအောင်မော်ကဘွဲ့ရကာစတွင် ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးတွင်
အလုပ်လုပ်ခဲ့သေး ၏ ။ နောက်ပိုင်းကျောက်မျက်ရတနာနှင့်
ဓာတ်သတ္တုရှာဖွေရေးဖက်စပ်ကုမ္ပဏီများ ပေါ်ပေါက်လာ
သောအခါကုမ္ပဏီဝန်ထမ်းအဖြစ် ကူးပြောင်းလုပ်ဆောင်ခဲ့ပေသည်။
ကုမ္ပဏီတွင်လုပ်ဆောင်နေစဉ် ကျောက်ကွက်တစ်ခုအောင်မြင်လိုက်ရာ
ဆုကြေးအမြောက်အများရရှိလိုက်ပေ၏ ။ သို့နှင့် ကုမ္ပဏီ
ဝန်ထမ်းဘဝမှအနားယူကာ ကိုယ်ပိုင်စီးပွားရေးတစ်ခုလုပ်ကိုင်ခဲ့သည်။
စီးပွားရေးမှာလည်းအထိုက် အလျောက်အဆင်ပြေလှသောကြောင့်
ဝါသနာပါသောလုပ်ငန်းများ လုပ်ကိုင်ခွင့်ရတတ်ပေ၏ ။

ကိုစန်းမောင်က ရက္ခဗေဒအဓိကဘာသာဖြင့် ဘွဲ့ရထားသူ။ သို့သော်
သူသည်ဝန်ထမ်းအ လုပ်ကိုဝါသနာမပါ။ တစ်ခါမှလည်း မလုပ်ဖူးခဲ့။

သူရရှိသည့်ဘွဲ့ကိုအသုံးချပြီး ကိုယ်ပိုင်သစ်ခွနှင့်ပန်းမျိုးစုံစိုက်ပျိုးရေးကိုလုပ်ကိုင်ကာ လုပ်ငန်းကလည်းအောင်မြင်၍ စီးပွားဖြစ်လှ၏ ။ ဝါသနာပါသော တောပစ်အလုပ်ဖြင့်အနားယူ အပန်းဖြေနိုင်ခွင့်ရှိသောဘဝမျိုးဖြစ်ပေ၏ ။

ကိုအောင်မော်နှင့်ကိုစန်းမောင်တို့သည် မြေပြန့်ဒေသတစ်မြို့တည်းသားတွေလည်း ဖြစ်ပေ သည်။ တောင်ပေါ်သားတွေမဟုတ်ကြ။ ယခုရှမ်းပြည်နယ်စပ် ငွေတောင်ဒေသသို့ တောပစ်ရောက် ရှိနေသည်မှာလည်း ကိုအောင်မော်၏ မိတ်ဆွေဖြစ်သူ ကိုခွန်ဆိုင်း၏ ဖိတ်ကြားချက်အရ ဖြစ်ပေ သည်။ ကိုခွန်ဆိုင်းသည် ကိုအောင်မော်ဝန်ထမ်းဘဝက ကိုအောင်မော်တို့သတ္တုရှာဖွေရေးအဖွဲ့တွင် ထမင်းချက်ဖြစ်သည်။ ထိုအခါ ကိုအောင်မော်နှင့်ကိုခွန်ဆိုင်းတို့သည် ခင်မင်ရင်းနှီးစွဲ ရှိခဲ့၏ ။ တစ်ဦး ၏ စိတ်သဘောကိုလည်း တစ်ဦးကသိကြ၏ ။ ကိုအောင်မော်ဝန်ထမ်းဘဝမှထွက်သောအခါ ကိုခွန်ဆိုင်းသည်လည်းအလုပ်မှထွက်၍ သူ၏ ဇာတိ၊ ပြင်ဦးလွင်မြို့ နယ် စည်သာရွာကလေးသို့ပြန်ကာ မိဘလက်ငုတ်စိုက်ပျိုးရေးအလုပ်ကို ဇောက်ချလုပ်ကိုင်နေခဲ့ပေသည်။

ကိုခွန်ဆိုင်းသည် သူ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောပိုးသတ်ဆေး၊ ဓာတ်မြေ သြဇာ၊ သီးပွင့်အားတိုးဆေးများဝယ်ယူရန် မန္တလေးမြို့ သို့ ရံဖန်ရံခါရောက်ရသည်များလည်း ရှိ၏ ။ ထိုအခါမျိုးတွင်ခင်မင်ရင်းစွဲရှိသော ကိုအောင်မောင်၏ ဗောဓိကုန်းသို့ သွားရောက်လည်ပတ်တတ်စ မြဲ။ ကိုအောင်မော်နှင့်တွေ့တိုင်းလည်း ကိုခွန်ဆိုင်းက ကိုအောင်မော်အား သူတို့စည်သာရွာအနီးရှိ ငွေတောင်ဒေသသို့တောပစ်လာရန် ဖိတ်ခေါ်တတ်၏ ။ ငွေတောင်ခြေတောထဲတွင် ချေများ၊ ဒရယ် များ၊ ယုန်များပေါကြောင်း၊ တစ်ခါတစ်ရံကျားသစ်များပင် ရတတ်ကြောင်း၊

တောကြောင်များမှာ မ ပစ်ချင်အဆုံး ပေါလှကြောင်း ပြောပြတတ်ပေ၏ ။

ကိုခွန်ဆိုင်း၏ စကားများက ကိုအောင်မော်အား မြှူဆွယ်လျက်ရှိသည်။ ကိုအောင်မော်မှာ လည်းရှမ်းပြည်နယ်၏ အရသာကိုခံစားရင်း တောပစ်သွားချင်နေသည်မှာ အမှန်ပင်။ သူဘူမိဗေဒဝန် ထမ်းဘဝက ကာလအတန်ကြာကျင်လည်ခဲ့ဖူးသောဒေသဖြစ်၍ ထိုဒေသ၏ အရသာကို ကိုအောင်မော်သိပါသည်။ မုဆိုးလိုင်စင်နှင့်၊ လိုင်စင်နှင့်ကိုင်ဆောင်သော ပွိုင့်တူးတူးပြောင်းရှည်သေနတ်တစ် လက်လည်း ရှိနေပြီဖြစ်ရာ ကိုခွန်ဆိုင်းဖိတ်ကြားသောအခါတိုင်း သွားရောက်ဖို့အကြိမ်ကြိမ် ကြံစည် ခဲ့ပေသည်။ သို့သော်လည်း ကိစ္စများမြောင်လှုတို့ဘောင်ဝယ် ရှောင်လွှဲ၍ မရသော သားသမီးရေး၊ ကြီးပွားရေး၊ စီးပွားရေးကိစ္စများကြောင့် အကြံအစည်အထ မမြောက်ခဲ့။

ယခုနှစ်တွင်တော့ ဝါသနာတူသူငယ်ချင်း ကိုစန်းမောင်နှင့်စကားစပ်မိရာက ကိုခွန်ဆိုင်းတို့ စည်သာနယ်ဘက်သို့နွေခိုရင်း တောပစ်သွားကြရန်အကြောင်း ဖြစ်ခဲ့သည်။ ကိုစန်းမောင်မှာလည်း ကိုအောင်မော်ကဲ့သို့ပင် မုဆိုးလိုင်စင်လည်းရှိပြီး ပွိုင့်တူးတူးပြောင်းရှည်သေနတ်ကို ကိုင်ဆောင်ခွင့် လိုင်စင်လည်းရှိသူဖြစ်၏ ။ သည်တော့ -

“ဒီနှစ်နွေမှာ ရှမ်းပြည်နယ်က တောတစ်နေရာသွားပြီး၊ နွေလည်းခို တောလည်းပစ်ကြရင် မ ကောင်းဘူးးလားဗျ”

ဟုကိုအောင်မော်ကအဖော်စပ်သည်နှင့် နှစ်ခါမပြောရဘဲ သဘောတူပြီးသား ဖြစ်သွားတော့ ၏ ။ စားဝတ်နေရေးကလည်း နောက်ဆံတင်းစရာမလို၊ လုပ်ငန်းအတွက်စိတ်ချရသော လူလွှဲတွေ ကလည်းရှိ၊ ဝါသနာချင်းကလည်း တူ၊ အခြေအနေကလည်း ပေးလျက်ရှိလေရာ ငယ်သူငယ်ချင်း နှစ်ယောက်တို့သည် စားရေရိက္ခာ၊ လက်နက်ခဲယမ်းနှင့်လိုအပ်သောဆေးဝါးများကို ယူဆောင်ပြီး ကိုခွန်ဆိုင်းထံရောက်ခဲ့ကြပေတော့သည်။

ကိုခွန်ဆိုင်း၏ သစ်လုံးအိမ်ကလေးသည် စည်သာရွာနှင့် ငါးမိုင်ခန့်ကွာဝေးသောငွေတောင် ခြေတွင် ရှိပေ၏။ နွေဖြစ်သော်လည်း ရာသီဥတုသာယာသည်ကတစ်ကြောင်း၊ တောပစ်ရာတွင်ချေ များ၊ ဒရယ်များ၊ ယုန်များကလည်း အထိုက်အလျောက်ပစ်ခတ်ရရှိသည်က တစ်ကြောင်းတို့ကြောင့် ကိုအောင်မော်နှင့်ကိုစန်းမောင်တို့မှာ အလွန်နှစ်ထောင်းအားရ ဖြစ်နေကြပေသည်။ ကိုခွန်ဆိုင်း၏ ဧည့်ဝတ်ကျေပွန်မှု၊ အေးမြမြဆည်းဆာချိန်တွင် တိုင်းရင်းဖြစ်ရှတတ ကောက်ညှင်းအရက်နှင့်ချေ အူနုသားလေးကြော်တို့၏ လိုက်ဖက်မှုကြောင့်ဖြစ်ကြောင်းလည်း ဝန်ခံရပေမည်။

ဤသို့ဖြင့်တစ်ပတ်ခန့်ကြာပြီးနောက် တစ်ရက်တွင်ကိုအောင်မော်သည် (၈)မိုင်ခန့်ဝေးသော တောင်ခြေရွာကလေးမှ သူ ဘူမိဗေဒဝန်ထမ်းဘဂဖြင့် ဤနယ်တွင်တာဝန်ကျခဲ့စဉ်က ခင်မင်ရင်းနှီး ခဲ့သော ရှမ်းအဘိုးအို၊ အဘွားအိုလင်မယားထံ အလည်အပတ်သွားမည်ဆိုကာ ထွက်သွားလေ၏ ။

ထိုနေ့က ရာသီဥတုမှာကြည်ကြည်သာသာ မရှိလှ။ ရာသီချိန်ခါမဟုတ်ပါဘဲလျက် ကောင်း ကင်တွင်တိမ်များက အလိပ်လိုက်၊ အလိပ်လိုက်တက်နေသည်။ မိုးသက်မုန်တိုင်းကြီးများ ကျတော့ မည့်ပုံဆောင်နေသည်။ အုန်းအိုက်အိုက်ကြီးဖြစ်လျက်ရှိသော အခြေအနေကလည်း စိတ်မကြည် လင်စရာကောင်းလှသည်။ တောတစ်ခုလုံးဆိတ်ငြိမ်နေသည်မှာလည်း စာကလေးအော်သံပင် မ ကြားရ။ အန္တရာယ်အငွေ့အသက်များပေလော။ ချောက်ချားဖွယ်ကောင်းလှသည်။ တောတောင်ဝန်း ကျင်တစ်ခုလုံးသည် သုသာန်တစ်စပြင်ပမာ အသွင်ဆောင်နေပေတော့၏ ။

ရာသီဥတုကလည်း မသာယာ၊ ကိုအောင်မော်ကလည်း မပါသောကြောင့် ကိုစန်းမောင် သည်အနီးအပါး တောစပ်မှယုန်တစ်ကောင် ရရှိသည်နှင့်ခပ်စောစောပင် ပြန်ခဲ့သည်။ အိမ်တွင် ကို ခွန်ဆိုင်းကအရင် ရောက်နှင့်လျက်။ သူလည်း ရာသီဥတုအခြေအနေကြောင့် လုပ်ငန်းစောစော

သိမ်းလာဟန်ရှိသည်။ အမှန်တွင် ကိုခွန်ဆိုင်းသည် မိုးသက်မုန်တိုင်းကြီးမကျမီ ကိုအောင်မော်နှင့် ကိုစန်းမောင်တို့အိမ်ပြန်ရောက်မရောက် သိရှိရန်တောင်ယာလုပ်ငန်းကို စောစောသိမ်းခဲ့ခြင်းဖြစ်ပေ ၏ ။ ကိုခွန်ဆိုင်းသည် ကိုစန်းမောင်ထံမှ ယုန်ကို ဆီးကြိုယူလိုက်ကာ ...

"ဆရာစန်းရေ၊ ကိုအောင်မော်တော့ ခုထိ ပြန်မလာသေးဘူးဗျ၊ အင်း ... မိုးသက်မုန်တိုင်း ကြီးကျရင်တော့ အခက်ပဲဗျာ"

ဟု ပြောလာ၏ ။

ကောင်းကင်ကိုတစ်လှည့်၊ ကိုအောင်မော်ပြန်လာမည့်လမ်းဆီ တစ်လှည့်ကြည့်ကာ လည် ပင်းရှည်လျက်ရှိပေသည်။ ကိုစန်းမောင်သည်လည်း ကိုခွန်ဆိုင်း၏ အမူအရာကိုကြည့်ကာ စိတ်ထင့် သွားရသည်။ သို့သော်လည်း ကိုစန်းမောင်က

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ၊ နယ်ကျွမ်းပြီးသားပဲဟာ"ဟု နှစ်သိမ့်စကားဆိုလိုက်သည်။ ကို ခွန်ဆိုင်းကမူ ခေါင်းတယမ်းယမ်းဖြင့် -

"သူပြန်လာမယ့်လမ်းမှာ တောင်ကျချောင်းကြီးနှစ်ခုရှိတယ်ဗျ" မိုးသည်းတုန်း ဒီချောင်းကို ကူးလို့ကတော့ ဒုက္ခရောက်မှာပဲ။ ပြီးတော့ ထားပါတော့လေ၊ ကဲ ဆရာစန်း၊ အဝတ်ကလေး ဘာ လေးလဲ၊ ညစာအတွက် ကျွန်တော်ယုန်ကင်လိုက်ဦးမယ်"

ဟုပြောကာ အိမ်ရှေ့ကွက်လပ်တစ်ခုတွင် မီးဖိုရန်ပြင်ဆင်လေသည်။ ကိုစန်းမောင်လည်း "မိုးသက်မုန်တိုင်းကြီး မကျပါစေနှင့်"ဟုဆုတောင်းကာ သူတို့စတည်းချရာ အိမ်ဦးခန်းထဲသို့ဝင်၍ အ ဝတ်အစားလဲရလေသည်။

ကိုခွန်ဆိုင်း၏ သစ်လုံးအိမ်ကလေးမှာ သုံးပင် နှစ်ခန်းအိမ်ကလေး။ အိမ်နှင့်တွဲလျက် ရှေ့ ဘက်တွင်အဖီကလေး ဆွယ်ထား၏ ။ ခြေရင်းဘက်ခန်းတွင်ကိုခွန်ဆိုင်း၏ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊

မြေညြဇာနှင့်ပိုးသတ်ဆေးများ၊ အသီးအနှံများနှင့် တိုလီမိုလီပစ္စည်းများထားသို ၏ ။ ခေါင်းရင်းဘက်အခန်းတွင် အဝင်တံခါးမတစ်ခုနှင့်ခေါင်းရင်းဘက်နံရံတွင် လေဝင်လေထွက်နှင့် အလင်းရောင်ရစေရန် ကဲလား တံခါးတစ်ခုဖောက်ထားလေသည်။ ထိုအခန်း၏ ခေါင်းရင်းဘက်ကျ ကျတွင် ကိုအောင်မော်နှင့်ကိုစန်းမောင်တို့အိပ်စက်ရန် သစ်သားခုတင်အကြမ်းနှစ်လုံးကို ယှဉ် လျက်စီစဉ်ထားလေသည်။ သူတို့စားသောက်ရာတွင်အသုံးပြုရန်အတွက် ခုတင်များ၊ ခြေရင်းတွင် သစ်သားစားပွဲတစ်လုံး၊ ဝါး ကုလားထိုင်သုံးလုံးကို စီစဉ်ထားရှိပေသည်။

ကိုစန်းမောင် အဝတ်အစားလဲနေစဉ်၌ ပင် လေရူးက စတင်သုတ်ချီလာသည်။ မုန်တိုင်း၏ ရှေ့ ပြေးဟု ကိုစန်းမောင်ခံစားရသည်။ ကဲလား ပြတင်းမှကောင်းကင်ကို မော့ကြည့်လိုက်တော့ ကောင်းကင်တစ်ခုလုံး သပြေသီးရောင်သန်းလျက်။ ကိုအောင်မော်အတွက် ရင်ပူကာစိုးရိမ်မိသည်။ သူငယ်ချင်းအတွက်မည်သို့လုပ်ဆောင်သင့်ကြောင်း ကိုခွန်ဆိုင်းနှင့်တိုင်ပင်ရန် ကိုခွန်ဆိုင်းထံထွက် ခဲ့သည်။

ကိုခွန်ဆိုင်းသည်လေအရှိန်ဖြင့် ရဲရဲတောက်နေသောမီးလင်းဖိုတွင် ယုန်ကိုတံစို့နှင့်ထိုး၍ ကင်လျက်။ လေကလည်း တစ်စတစ်စထန်လာသည်။ မိုးစက်မှုန်ကလေးများလည်း လွင့်ပျံကျလာ သည်ကို တွေ့ထိလိုက်ရသည်။

“ကိုခွန်ဆိုင်းရေ ကျွန်တော်တို့ ဘာလုပ်ကြရင်ကောင်းမလဲဗျ”

“အေးဗျာ ကိုအောင်မော်ကလည်း အချိန်မလင့်ခင်ပြန်ခဲ့ပါလို့ မှာထားရက်နဲ့၊ ဒီနယ်အ ကြောင်းကို သိသားနဲ့ဟာ”

ကိုအောင်မော်ဖြတ်သန်းရမည့်ခရီးမှာ “ဖမ်းစား”တောင်ကြားဟု အမည်တွင်လောက်အောင် တောကြမ်းသည်ဟုဒေသခံများက လက်ခံထားကြသည်။ ဒေသခံများက ဖမ်းစားတောင်ကြားကို ဖြတ်သန်းသွားလာခြင်းမှတတ်နိုင်သမျှ

ရှောင်ရှားကြလေသည်။ မလွှဲသာမရှောင်သာ သွားရတော့ မည်ဆိုလျှင်လည်း လူလေးငါးဦးစု၍ သွားတတ်ကြပေသည်။ လေးငါးဦးအစုနှင့်ပင် ယခုလိုရာသီဥတုဆိုးသောအခြေအနေမျိုးနှင့် ညအချိန်တို့တွင် မသွားလာရဲကြ။ ညညတွင် ဤတောင်ကြားမှတ ဆွေမီးလုံးများတက်တက်လာသည်ဟု ဒေသခံများကယုံကြည်ကြသည်။ တစ်ခါတစ်ခါ မီးခိုးရောင် ဝိညာဉ်ရိပ်များကိုပင် ဝိုးတဝါးမြင်ရတတ်သည်ဟု ဆိုကြသည်။ ကိုခွန်ဆိုင်းကတော့ တစ္ဆေသရဲများကိုစိုးရိမ်သည်မဟုတ်။ ရေစီးသန်သော တောင်ကျချောင်းနှစ်ခု၏ အန္တရာယ်နှင့် သစ်၊ ကျား၊ သားရဲ တို့၏ အန္တရာယ်အတွက် ပူပန်ခြင်းဖြစ်ပေသည်။

လေမုန်တိုင်းကြီးက တဟူးဟူး အော်မြည်တိုက်ခတ်လာချေပြီ။ မိုးစက်မိုးပေါက်များက လည်း ဖြိုးဖြိုးဖြောင်းဖြောင်းကျလာသည်။ မိုးသက်မုန်တိုင်းပေတည်း။ လေဒဏ်မိုးဒဏ်ဖြင့် ကိုခွန် ဆိုင်း၏ မီးလင်းဖိုမှမီးများလည်း ငြိမ်းသေသွားလေသည်။ ကိုခွန်ဆိုင်းသည် ကင်လက်စယုန်ကင်ကို က ပျာကယာဖြင့် ကိုစန်းမောင်တို့အခန်းထဲသို့သွင်းကာ တံစို့အရင်းဖြင့်သစ်လုံးကြားတွင် ထိုးညှပ်ထား လိုက်၏ ။ ကိုစန်းမောင်မှာမူ မိုးစက်များကြောင့် အဖီကလေးအောက်ဝင်ကာ ကိုအောင်မော်လာ လမ်းဆီ မှန်းကြည့်မိ၏ ။

ထိုစဉ် လက်ထဲတွင်ငါးတောင့်ထိုးဓာတ်မီးကြီးနှင့် ငှက်ကြီးတောင်ဓားကြီးကိုကိုင်ကာ ကိုခွန် ဆိုင်းပြန်ထွက်လာ၏ ။

“ကဲဆရာစန်းရေ၊ ကျွန်တော်တို့ အောင်မော့်ကိုကြိုလိုက်ဦးမယ်၊ ကျွန်တော်ဓာတ်မီးယူသွား မယ်၊ ဆရာစန်း ဖယောင်းတိုင်သာထွန်းနေပေတော့၊ ပြန်လာမှပဲ စားကြသောက်ကြတာပေ့ါ၊ ခဏ တစ်ဖြုတ်မှေးချင်လဲ မှေးနေပေရော့”

ကိုစန်းမောင်က သူပါလိုက်မည်ဟုပြောသော်လည်း ကိုခွန်ဆိုင်းကလက်မခံ။ ကိုစန်းမောင် လိုက်ပါက ခရီးဖင့်နိုင်ကြောင်း၊ လွတ်လွတ်လပ်လပ်လှုပ်ရှားရန် ခက်နိုင်ကြောင်း၊ သူက ခရီးကျွမ်း

နယ်ကျွမ်းသူဖြစ်၍ စိုးရိမ်စရာမလိုကြောင်းပြောကာ ကိုခွန်ဆိုင်းသည်မုန်တိုင်းကြီးထဲတွင် ခပ်သုတ် သုတ်ထွက်သွားလေတော့၏ ။

မိုးသက်မုန်တိုင်းက ထန်သထက် ထန်လာ၏ ။ မိုးကြိုးထစ်ချုန်းသံများကလည်း ကမ္ဘာပျက် သည့်အလား ဂျိုးဂျိမ့်ညံလျက်။ တောင်ကျချောင်းရေစီးသံကလည်း ဟူးဟူးဟဲအော်မြည်နေရာ ထိတ်လန့်ဖွယ်ကောင်းနေပေသည်။ ကိုစန်းမောင်ကတော့ ကိုခွန်ဆိုင်းတိုးဝင်ပျောက်ကွယ်သွားရာ အမှောင်ထုထဲသို့ငေးစိုက်လျက်။ ထိုစဉ် ကိုစန်းမောင်၏ မျက်စိထဲတွင် အဖြူရိပ်တစ်ခုကိုမြင်လိုက်ရ သလို။ အသေအချာစူးစိုက်ကြည့်လိုက်တော့ အဖြူရိပ်က သူ့ထံစီးမျောလာသလိုမျိုး၊ လှိုင်းစီးလာ သလိုမျိုး။ ကိုစန်းမောင်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ဖမ်းစားတောင်ကြားမှ ဝိညာဉ်အရိပ်များ ပေလောဟူသောအတွေးဖြင့် ကိုစန်းမောင် ရင်တဒိတ်ဒိတ်ခုန်လာသည်။ ရင်ထဲတွင် အေးခနဲဖြစ် ကာ သူ့အခန်းထဲသို့ ခပ်သုတ်သုတ်ပြန်ဝင်ခဲ့၏ ။

ကိုစန်းမောင်သည် အခန်းတံခါးမကိုအလုံပိတ်ပြီး ဖယောင်းတိုင်မီးထွန်းရန် ကြိုးစားလိုက် သည်။ နံရံအကြိုအကြားမှ လေများဝင်ရောက်နေလေရာ၊ ဖယောင်းတိုင်မီးကလည်း ထွန်းမရ။ ရုတ် ခနဲလင်းပြီး ဟုတ်ခနဲငြိမ်းသွားလေသည်။ မီးခြစ်၏ ဖျတ်ခနဲ အလင်းဖြင့် နာရီကြည့်လိုက်တော့ ည ၈ နာရီပင်ကျော်နေပြီ။ သို့နှင့် ကိုစန်းမောင်သည်မီးခြစ်ကို ခေါင်းအုံးဘေးတွင်အဆင်သင့်ထားကာ ခု တင်ပေါ်တွင်တက်၍ လှဲနေလိုက်၏ ။

ထိုအခါ သူငယ်ချင်းကိုအောင်မော်အကြောင်းက ခေါင်းထဲဝင်လာပြန်သည်။ ကိုအောင်မော် အပြန်ခရီးတွင် ဘေးအန္တရာယ်ကင်းရှင်းပါလေစ။ ကိုခွန်ဆိုင်းပျာယာခတ်ကာ မျက်စိမျက်နှာပျက် နေပုံကိုထောက်ထားလျှင် ဤခရီးလမ်းမှာ အန္တရာယ်ထူပြောနိုင်ကြောင်း ယုံမှားသံသယရှိစရာမလို ပေ။ ညကမှောင်မှောင်၊ တောကကြီးကြီး၊

ရေစီးကသန်သန်နှင့် ကိုအောင်မော်တစ်ယောက်၊ ကိုစန်း မောင်ဆက်၍ မတွေးရဲ။

မိုးသက်မုန်တိုင်းက ဒေါသမုန်ယိုနေသောဆင်ရိုင်းကြီးပမာ ဝုန်းဒိုင်းကြဲတိုက်ခတ်ရွာသွန်း နေဆဲ။ ချောင်းရေစီးသံ၊ သစ်ပင်တို့၏ ယိမ်းထိုးလှုပ်ရှားသံတို့ကလည်း ဂျုံးဂျုံးဝေါဝေါအော်မြည်ကာ သွေးပျက်စရာကောင်းလှ၏ ။ ကိုခွန်ဆိုင်း၏ သစ်လုံးအိမ်ကလေးမှာလည်း ငြိမ့်ခနဲ၊ သိမ့်ခနဲ နှင့်ယိမ်း နေလေတော့သည်။ ကိုစန်းမောင်သည် စိုးရိမ်ပူပန်စရာအတွေးများကို မောင်းထုတ်ပြီး အိပ်စက်ရန် ကြိုးစားလိုက်သည်။

ဆည်တစ်ခုကျိုး၍ ကန်ထွက်လာသောရေတွေလို အရှိန်အဟုန်ပြင်းပြင်းနှင့် ဒလဟောစီး ဆင်းလာသောရေတွေနှင့် ဧရာမချောင်းကြီး။ လှိုင်းခေါင်းဖြူတွေကအလိပ်လိုက် အလိပ်လိုက်။ ကမ်းစပ်ကိုတိုက်စားကာ သစ်ပင်တို့ကိုဖြိုလှဲပစ်နေရာ သစ်ပင်တို့သည် ဖြိုးဖြိုးဖြောင်းဖြောင်းအော် မြည်လဲကျနေလေ၏ ။ ထိုရေစီးထဲတွင်တော့ ကိုအောင်မောင်အသက်လုပွဲအတွက် ရုန်းကန်လှုပ် ရှားကူးခတ်လျက်။ ရေစီးအတိုင်းမျောပါရန်း မြုပ်သွားလိုက်၊ ပေါ်လာလိုက်။ သည်လိုနှင့် ရေစီးကို အံတုရင်း ယက်ကန်ယက်ကန်ဖြစ်နေသော ကိုအောင်မော်သည် ကြီးမားသောလှိုင်းကြီးတစ်ခု၏ ရိုက်ပုတ်မှုနှင့်အတူ ချောက်ကမ်းပါးကြီးထဲသို့ ...။

ကိုစန်းမောင် “အမလေး”ဟု အသံထွက်၍ အော်မိကာ မှေးခနဲအိပ်ပျော်သွားရာမှ ဖျတ်ခနဲ လန့်နိုးလာတော့၏ ။ ကိုအောင်မော်အတွက် စိုးရိမ်စိတ်တို့ဖြင့် မှေးခနဲအိပ်ပျော်သွားစဉ် မြင်မက် လိုက်သောခြောက်အိပ်မက်။ ကိုစန်းမောင်ရင်တဒိတ်ဒိတ် ခုန်နေ၏ ။ ခေါင်းအုံးဘေးမှ ညကြည့်နာရီ ကိုယူကြည့်လိုက်တော့ ည ၁၀ နာရီ ၂၈ မိနစ်ရှိနေပြီ။ ကိုခွန်ဆိုင်းကလည်း ပြန်မလာသေး။ သူတို့ နှစ်ယောက်လုံး ဘယ်သောင်ဘယ်ကမ်း ဘယ်စခန်းသို့ဆိုက်နေပြီနည်း။ မိုးသက်မုန်တိုင်းကြီးက လည်း အားကောင်းနေဆဲ။ ကိုစန်းမောင် ရင်ပူလာ၏ ။ ထို့ကြောင့် ရေသောက်မည်ဟူသောအတွေး ဖြင့်

အိပ်ရာမှထရန် ကြံရွယ်လိုက်သည်။

ထိုစဉ် “ဂလောက်လောက်၊ ဂ လောက်လောက်၊ ဖုတ် ဖုတ်”ဟူသော ထူးဆန်းသောအသံ များကို မုန်တိုင်းသံများကြားမှပင် အထင်အရှားကြားလိုက်ရ၏ ။ ကိုစန်းမောင် ဆတ်ခနဲဖြစ်သွား သည်။ “ဘာသံနည်း”။ နားစွင့်ထားမိ၏ ။ အသံက ပျောက်သွားသည်။ ကဲလား တံခါးလေတိုးသံပင် ဖြစ်ပေလိမ့်မည်ဟုတွေးကာ ရေသောက်ချင်စိတ်ကိုဖျောက်ဖျက်၍ အိပ်ရာပေါ်တွင်ဆက်၍ မှိန်းနေ လိုက်သည်။

ထိုအခါကျမှပင် “ဂလောက် လောက်”အသံမှာ ပိုမိုနီးကပ်လာသယောင်၊ ပိုမိုကျယ်လောင် လာသယောင် ကြားရပြန်၏ ။ ကိုစန်းမောင် ခေါင်းထောင်ကြည့်လိုက်သည်။ ထိုအခါ ကိုစန်းမောင် ဆံပင်မွေးများထောင်ထသွားစေအောင် ထိတ်လန့်တုန်လှုပ်သွားရသည့်အဖြူရိပ်တစ်ခုကို မြင်လိုက် ရ၏ ။ အဖြူရိပ်မှ ရိပ်ခနဲမြင့်တက်လိုက်၊ ဖျတ်ခနဲကျလာလိုက် ဖြစ်နေသည်။ ကိုစန်းမောင် အသက် ရှူရပ်သွားမတတ် မှင်တက်မိသွားလေသည်။ ဘာလဲဟု အသေအချာသိရန် မီးထွန်းကြည့်လိုက်ရန် မီးခြစ်ကိုရှာသည်။ ထိုအခါ မီးခြစ်မှာ လက်နှင့်တိုက်မိပြီး အိပ်ရာအောက်သို့ ဒေါက်ခနဲလွင့်စင်ကျ သွားလေတော့သည်။

ဤအခြေအနေတွင် “ဖစ် ဖစ်”ဟူသော နှပ်ညှစ်သံလိုလို အသံများ၊ “ခရား ခရား”ဟူသော သလိပ်ကပ်၍ လည်ချောင်းညှစ်ပြီး ရှင်းလိုက်ရာမှထွက်ပေါ်လာသောအသံများက ကိုစန်းမောင်၏ အနီးတစ်ဝိုက်မှထွက်ပေါ်နေသည်။ ကိုစန်းမောင် ဇောချွေးတွေပြန်လာသည်။ ဟော မည်းမည်းအ ရိပ်တွင် ဟိုယိမ်းသည်ယိမ်းဖြစ်လာသည်ကိုလည်း အမှောင်ထဲတွင်ဝိုးတဝါးမြင်လာရပြန်ပြီ။အဖြူရိပ် ဘယ်ရောက်သွားလေသနည်း။ မည်းမည်းအရိပ်တွေက နတ်ဝင်သည်တွေလို ယိမ်းထိုးလျက်ရှိ သည်။

ကိုစန်းမောင် တစ်သက်တာတွင် ဤမျှချောက်ချားဖွယ်ကောင်းသောမြင်ကွင်းမျိုးကို မမြင် ဖူးခဲ့။

သရဲခြောက်ခံရပြီဟူသော အသိဖြင့် ကတုန်ကယင်ကြီးဖြစ်လာ၏ ။ ထိုအထဲ ကိုအောင်မော် တစ်ယောက် ဖမ်းစားတောင်ကြားမှပြန်လာစဉ် တစ်စုံတစ်ခုသောအန္တရာယ်တွေ့ကြုံပြီး သေဆုံးကာ သရဲအဖြစ်နှင့်လာခြောက်သည်ဟူသော အတွေးတို့ကလွှမ်းခြုံလာသည်။ ထိုအတွေးဖြင့် ကိုစန်း မောင်မှာရင်တဒိတ်ဒိတ် ခုန်လာ၏ ။ ဂုဏ်တော်ကိုးပါးနှင့် သမ္ဗုဒ္ဓေဂါထာတော်တို့ကို ရွတ်ဆိုရန်ကြံ စည်မိသော်လည်း၊ ပါးစပ်ကဟမရ။ အကြောဆိုင်းသူပမာ တောင့်တောင့်ကြီးဖြစ်နေတော့သည်။ "ကိုအောင်မော်ရေ အမျှ အမျှ"ဟုအမျှဝေရန် ရည်သန်ထားသော်လည်း တဆတ်ဆတ်တုန်ယင်နေ သောနှုတ်ခမ်းအစုံဖြင့် စကားသံထွက်မလာ။

ထိုစဉ်စောစောကပျောက်နေသော အဖြူရိပ်ကပေါ်လာပြန်သည်။ အဖြူရိပ်သည် သူနှင့်နီး ရာသို့ မြောက်တက်လာလိုက်၊ ထိုမှတစ်ဖန် သူနှင့်ဝေးရာသို့ လွင့်ကျသွားလိုက်ဖြစ်နေသည်။ ဖြူဖြူ ရိပ်နှင့်အတူ မည်းမည်းအရိပ်တို့ကလည်း ပိုမိုကြမ်းတမ်းစွာ ဟိုယိမ်းသည်ယိမ်းဖြစ်လာ၏ ။ အရိပ်တို့ ၏ လှုပ်ရှားမှုတို့နှင့်အတူ "ခွီး၊ ခွီး"ဟူသောအသံ "ဂလောက်လောက်"ဟူသော အသံတို့ကလည်း သွေးပျက်ဖွယ်ကောင်းအောင် ကျယ်လောင်လာလေ၏ ။

နောက်ဆုံးဖြူဖြူအရိပ်က သူ့ဆီသို့ရိပ်ခနဲ လွင့်ပျံလာသောအခါတွင်တော့ ကိုစန်းမောင်၏ ကြောက်စိတ်တို့သည် ထိန်းသိမ်းနိုင်စွမ်းမရှိတော့။ ရှိသမျှ အားအင်တို့ကိုစုစည်းကာ ခုတင်ပေါ်မှ ခုန်ဆင်း၍ အခန်းတံခါးဆီသို့ပြေးရန် ဦးတည်လိုက်၏ ။ ထိုအခါမှပိုဆိုးတော့သည်။ သူ့ခြေထောက် တို့ကို တစ်စုံတစ်ရာကဖမ်းဆွဲထားခြင်းကို ခံရလေတော့သည်။ "သရဲ သရဲ"ဟု ဗလုံးဗထွေးအော် ရင်းကိုစန်းမောင်သည် သရဲလက်မှလွတ်မြောက်ရန် ဆောင့်၍ ရုန်းလိုက်သည်။ ဆောင့်အရုန်းတွင် ခြေထောက်မှအချုပ်အနှောင်ခံရခြင်းတို့သည် လွတ်မြောက်သွားလေ၏ ။ သို့သော် အရှိန်လွန်ကာ ကြမ်းပြင်ပေါ်သို့ ဒိုင်းခနဲ မှောက်လျက်လဲကျသွားလေတော့သည်။

ကိုစန်းမောင်တစ်ယောက် အဖြူ ရိပ်တစ္ဆေနှင့်ဗလုံးဗထွေးဖြစ်ကာ အသူတစ်ရာနက်သောချောက်ကမ်းပါးကြီးထဲသို့ လွင့်ပျံကျသွား သလို။

ဖယောင်းတိုင်မီးအလင်းနှင့်အတူ ကိုခွန်ဆိုင်းကို တွေ့လိုက်ရ၏ ။ ကိုခွန်ဆိုင်းနှင့်ယှဉ်လျက် သား ကိုအောင်မော်ကိုမြင်တွေ့လိုက်ရသည့်အခါတော့ ကိုစန်းမောင်သည် ဆတ်ခနဲဖြစ်သွားလေ သည်။ ကိုအောင်မော်အား မမြင်ဖူး၊ မတွေ့ဖူးသူတစ်ယောက်နှယ် အထူးအဆန်းသဖွယ်မျက်လုံးအ ပြူးသားဖြင့် စိုက်ကြည့်ရင်း

“ခင်ဗျား ခင်ဗျား”ဟုပြောကာ အလန့်တကြားထထိုင်ရန် ကြိုးစားလိုက်၏ ။ သို့သော်လည်း ကိုစန်းမောင်မှာခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ ယိမ်းယိုင်သွား၏ ။

“ဆရာစန်း အေးအေးဆေးဆေးနားပါ။ ခင်ဗျား နဖူးကွဲသွားလို့ ပတ်တီးစည်းပေးထားရ တယ်ဗျ”

ဟုကိုခွန်ဆိုင်းကပြောကာ ကိုစန်းမောင်အား ဖေးမပေးလေသည်။

ကိုစန်းမောင်ကမူ ...

“ကိုအောင်မောင် ခင် ခင်ဗျား ကိုအောင်မော်အစစ်ပါနော် ခင်ဗျားမသေဘူး။ ဘာမှ မဖြစ် ဘူးနော်”

ဟု ကိုအောင်မော်အားလက်ညှိုးထိုးကာ တတွတ်တွတ်မေးလေ၏ ။ ထိုအခါ ကိုအောင်မော် က အခြေအနေမှန်ရိပ်စားမိကာ

“ကြံကြီးစည်ရာ ကိုစန်းရယ်၊ ဘယ်ကသေရမှာလဲ၊ ခင်ဗျားက မုန်တိုင်းကြီးကျတော့ တောင် ကျချောင်းကြီးနှစ်ခုဖြတ်ရင်း ကျွန်တော်သေပြီလို့ တွက်ထားတာကိုးဗျ။ ကျွန်တော် မသေပါဘူးဗျာ၊ မိုးသက်မုန်တိုင်းကျတော့ ကျွန်တော်ကချောင်းနှစ်ခုကိုလွန်ပြီး ဒီဘက်ရောက်နေပါပြီ။ ဒါပေမယ့်

မုန့်တိုင်းကသိပ်ထန်ပြီး သိပ်မှောင်နေတာနဲ့တွေ့ရာ တောင်ယာခင်းတဲလေးတစ်ခုမှာ ဝင်ခိုနေတာ ပါ။ တကြော်ကြော်အသံပေးရင်း
အကြိုထောက်လာတဲ့ကိုခွန်ဆိုင်းနဲ့လည်း ဒီတောင်ယာတဲလေးမှာ ပဲ
ဆုံမိကြတော့တာပေ့ါ။ မိုးသက်မုန့်တိုင်းကသိပ်ပြင်းနေတော့
ကျွန်တော်တို့နှစ်ယောက်စလုံး ဒီ တောင်ယာထဲမှာမိုးခိုကြရင်း မုန်တိုင်းစဲတဲ့
၁၂နာရီလောက်မှာပြန်ခဲ့ကြတာ။ ဟောဒီရောက်တော့ ခင်ဗျားကလည်းခေါ်မရ၊
အော်မရဆိုတော့ နောက်ဆုံး မသက်ာတာနဲ့တံခါးဖျက်ဝင်ရတာ ကိုး။ အခန်းထဲလည်းရောက်ရော၊ ခင်ဗျားကမှောက်လျက်လဲပြီး
သတိလစ်နေတာတွေ့ရတယ်”

ဟုအခြေအနေမှန်ကိုခြုံ၍ ရှင်းပြလိုက်လေသည်။ ထိုအခါကျမှ ကိုစန်းမောင်သည် သူတွေ့ ကြုံဖြတ်သန်းခဲ့ရသော ချောက်ချားစရာများကို သတိရကာ

“ဟို ဟို ခင်ဗျားတို့ဝင်လာတော့ တစ္ဆေဖြူ တစ္ဆေဖြူကြီးကိုကော မ မတွေ့ဘူးလား”ဟု ထိတ်လန့်တုန်လှုပ်မှု မပြေသေးသောအသံဖြင့် မေးလေသည်။ ပြီးမှ သူကြုံတွေ့ခဲ့ရသည့်အဖြစ်အ ပျက်တို့ကို ချောက်ချားဖွယ်အသံများ ကြားရပုံမှစကာ၊ အဖြူရိပ်များမြင်ရပုံ၊ သွေးပျက်ခမန်းလန့် ဖျတ်၍ ပြေးရန်ကြံစည်ကာလဲကျပုံအထိ တစ်လုံးမကျန် ပြောပြလိုက်သည်။

ကိုစန်းမောင်စကားကြားတော့ ကိုခွန်ဆိုင်းကဟက်ဟက်ပက်ပက် ရင်မောရင်း ...

“ခင်ဗျား တစ္ဆေဖြူက ဒီကောင်ကြီးပါဗျ”

ဟုပြောကာ ခုတင်အောက်မှ ကြောင်ဖြူကြီးတစ်ကောင်ကို မြှောက်ပြလိုက်သည်။ ကြောင် ဖြူကြီးမှာ ကိုစန်းမောင်တစ်သက် မြင်ဖူးသမျှကြောင်ထဲတွင် တော်တော်ကြီးမား၏ ။ ယခုတော့

ကြောင်ကြီးမှာပါးစပ်တွင် သွေးအလိမ်းလိမ်းကပ်ကာ သေဆုံးနေလေပြီ။ ကိုခွန်ဆိုင်းကဆက်လက် ၍

"ဒီနားတစ်ဝိုက်မှာတော့ ကြောင်တွေကျက်စားလေ့ရှိတယ်ဗျ။ ဒီတောကြောင်တွေဟာ ကျွန် တော့်အိမ်ကသားငါးတွေကိုဝင်ပြီး ဆွဲလေ့ရှိတယ်။ လူသူခိုးမကြောက်ရဘဲ ကြောင်သူခိုးကိုကြောက် နေရတာ ။ ကျွန်တော်ထားခဲ့တဲ့ ယုန်ကင်နဲ့ကလည်းရ၊ မိုးသက်မုန်တိုင်းကြီးထဲမှာ အစာရှာရလည်း ခက်တော့ ကဲလား တံခါးကဝင်ပြီး ယုန်ကင်ကိုဆွဲတာနေမှာပေ့ါ။ ဒါပေမယ့် ယုန်ကိုထိုးတဲ့တံစို့ အ ဖျားလေးကို ကျွန်တော်ကချိတ်ကလေးလို ကောက်ထားတာဗျ။ ဒီတော့ ဒီကောင် ယုန်ကင်ကိုခုန် ဟပ်ပြီးအဆွဲမှာ တံစို့ချိတ်နဲ့ချိတ်မိသွားတာ။ ယုန်ကင်တော့ရပါရဲ့ ။ ချိတ်ကစူးမိနေတော့ စားမရဖြစ်၊ နာကလည်းနာတော့ တခွီးခွီးအော်ပြီး ခုန်မှာပေ့ါဗျာ။ ခုန်ဆွ ခုန်ဆွဖြစ်နေမှာပေ့ါ။ တစ်ခါ ဒီကောင် အခုန်မှာ ကျွန်တော်တို့အဝတ်လှန်းကြိုးနဲ့ငြိပြန်တော့ အဝတ်လှမ်းကြိုးကလည်း ပြုတ်ကျပြန်ရော ကိုဗျ"

ဟု ဖြစ်နိုင်ချေကို ရှင်းလင်းတင်ပြလေသည်။

ကိုခွန်ဆိုင်းက ခဏနားကာ

"အဲ အဲဒီ ကြိုးက ကုလားထိုင်တွေနဲ့ငြိနေမှာပေ့ါ။ ကျွန်တော်တို့ပြန်လာတော့ ငြိနေတာတွေ တွေ့ရတာ ပဲ။ ဒီတော့ ဒီကောင်ကချိတ်ပြုတ်အောင် ရုန်းလိုက်၊ ခုန်လိုက်လုပ်မယ်။ ဒီမှာတင်ငြိနေတဲ့ ကြိုးက တစ်ဆင့်ကုလားထိုင်တွေက ဟိုယိမ်းသည်ယိမ်းလှုပ်မယ်။ ခင်ဗျားမှာကလည်း မီးထွန်းမရ၊ မှောင်ကမှောင်နေတော့ ဒါတွေဟာတစ္ဆေ၊ သရဲတွေလိုဖြစ်နေတာပေ့ါ။ ပိုဆိုးတာကခင်ဗျားဟာ ကို အောင်မော်သေပြီလို့ ထင်လိုက်တော့ကိုအောင်မော်ပဲ လာခြောက်သလို ဖြစ်နေတာပေ့ါလေ"

ဟု ဆက်လက်၍ ရှင်းပြလိုက်၏ ။

ကိုခွန်ဆိုင်းရှင်းပြသည်မှာ ကြောင်းကျိုးဆီလျော်လှ၏ ။ ကိုခွန်ဆိုင်း ရှင်းပြသည့်အတိုင်းဇ ကန်ပင် ဖြစ်ခဲ့သည်ဟု ကိုအောင်မော်ရော၊ ကိုစန်းမောင်ပါ လက်ခံထားကြလေသည်။

**စိုးထိုက်**

*